လူမှုရေးရာမင်္ဂလာ

ပြုစုတည်းဖြတ်သူ

စဝ်ထွန်းမှတ်ဝင်း

မဟာဝိဇ္ဇာ(ရန်ကုန်)၊ မဟာဝိဇ္ဇာဂုဏ်ထူး (ဟားဗဒ်)

အထက်တန်း သုတေသန ပညာရှင်ဘွဲ့ (ဟားဗဒ်)

ညွှန်ကြားရေးမှူး၊ သုတေသနနှင့် ကျမ်းပြုဌာနခွဲ

သာသနာရေးဦးစီးဌာန

ရန်ကုန်မြို့

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်

သာသနာ ၂၅၂၁ ကောဇာ ၁၃၃၉ မေလ ၁၉၇၇

၁၁၄၆၄

လူမှုရေးရာမင်္ဂလာ

ပြုစုတည်းဖြတ်သူ
စဝ်ထွန်းမှတ်ဝင်း
မဟာဝိဇ္ဇာ(ရန်ကုန်)၊ မဟာဝိဇ္ဇာဂုဏ်ထူး (ဟားဗဒ်)
အထက်တန်း သုတေသန ပညာရှင်ဘွဲ့ (ဟားဗဒ်)
ညွှန်ကြားရေးမှူး၊ သုတေသနနှင့် ကျမ်းပြုဌာနခွဲ
သာသနာရေးဦးစီးဌာန
ရန်ကုန်မြို့

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်

သာသနာ ၂၅၂၁ ကောဇာ ၁၃၃၉ မေလ ၁၉၇၇

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ဒု-ညွှန်ကြားရေးမှူး
ဦးချစ်တင် (မှတ်ပုံတင်အမှတ် (၀၁၈၀၃/၀၂၂၆၂က
ပုံနှိပ်ထုတ်ဝေသည်။

လူမှုရေးရာမင်္ဂလာ

မာတိကာ

အကြောင်းအရာ — စာမျက်နှာ

မင်္ဂလသုတ္တ ပါဠိ ၁
မင်္ဂလသုတ် မြန်မာပြန် နိဒါန်း ၃
မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး ၄
မင်္ဂလာအကျိုး ၆
မင်္ဂလာနိဒါန်း ၇
မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးအဖွင့် ၁၁
၁။ အသေဝနာ စ ဗာလာနံ မင်္ဂလာ ၁၁
၂။ ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာ ၁၂
၃။ ပူဇာ စ ပူဇနေယျာနံ မင်္ဂလာ ၁၃
၄။ ပတိရူပဒေသဝါသော စ မင်္ဂလာ.... .... ၁၅
၅။ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာ ၁၆
၆။ အတ္တသမ္မာပဏိဓိ စ မင်္ဂလာ ၁၇
၇။ ဗာဟုသစ္စဉ္စ မင်္ဂလာ ၁၉
၈။ သိပ္ပဉ္စ မင်္ဂလာ ၂၀
၉။ ဝိနယော စ သုသိက္ခိတော မင်္ဂလာ ၂၁
၁၀။ သုဘာသိတာ စ ယာ ဝါစာ မင်္ဂလာ ၂၃
၁၁။ မာတာပိတု ဥပဋ္ဌာနံ မင်္ဂလာ ၂၅
၁၂။ ပုတ္တဒါရဿ သင်္ဂဟော မင်္ဂလာ ၂၆
၁၃။ အနာကုလာ စ ကမ္မန္တာ မင်္ဂလာ ၂၈
၁၄။ ဒါနဉ္စ မင်္ဂလာ ၂၉
၁၅။ ဓမ္မစရိယာ စ မင်္ဂလာ ၃၁
၁၆။ ဉာတကာနဉ္စ သင်္ဂဟော မင်္ဂလာ.... .... ၃၂

အကြောင်းအရာ	စာမျက်နှာ
၁၇။ အနုဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာ	၃၃
၁၈။ အာရတိ (ပါပါ) မင်္ဂလာ	၃၄
၁၉။ ဝိရတိ (ပါပါ) မင်္ဂလာ	၃၅
၂၀။ မဇ္ဇပါနာ စ သံယမော မင်္ဂလာ....	၃၆
၂၁။ အပ္ပမာဒေါ စ ဓမ္မေသု မင်္ဂလာ....	၃၇
၂၂။ ဂါရဝေါ စ မင်္ဂလာ	၃၉
၂၃။ နိဝါတော စ မင်္ဂလာ	၄၀
၂၄။ သန္တုဋ္ဌိ စ မင်္ဂလာ	၄၁
၂၅။ ကတညုတာ မင်္ဂလာ	၄၃
၂၆။ ကာလေန ဓမ္မဿဝနံ မင်္ဂလာ	၄၄
၂၇။ ခန္တီ စ မင်္ဂလာ	၄၆
၂၈။ သောဝစဿတာ မင်္ဂလာ	၄၇
၂၉။ သမဏာနဉ္စ ဒဿနံ မင်္ဂလာ	၄၉
၃၀။ ကာလေန ဓမ္မသာကစ္ဆာ မင်္ဂလာ	၅၁
၃၁။ တပေါ စ မင်္ဂလာ....	၅၃
၃၂။ ဗြဟ္မစရိယဉ္စ မင်္ဂလာ	၅၅
၃၃။ အရိယသစ္စာန ဒဿနံ မင်္ဂလာ	၅၆
၃၄။ နိဗ္ဗာနသစ္ဆိကိရိယာ စ မင်္ဂလာ	၅၇
၃၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ မင်္ဂလာ	၅၉
၃၆။ အသောကံ မင်္ဂလာ	၆၁
၃၇။ ဝိရဇံ မင်္ဂလာ	၆၁
၃၈။ ခေမံ မင်္ဂလာ	၆၂
နိဂုံး။ တောဒိသာနိ ကတွာန စသော နိဂုံးချုပ်ဂါထာ	၆၄
အက္ခရာဝလိ ကျမ်းညွှန်း	၆၅

လူမှုရေးရာ မင်္ဂလာ

မင်္ဂလသုတ္တပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

နိဒါန်း—

(က) ယံ မင်္ဂလံ ဒွါဒသဟိ၊
စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊
အဋ္ဌတိံသဉ္စ မင်္ဂလံ။

(ခ) ဒေသိတံ ဒေဝဒေဝေန၊
သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊
မင်္ဂလံ တံ ဘဏာမ ဟေ။

၁။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ—

၂။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး

၃။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၄။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၅။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

၆။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

၇။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

၈။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

၉။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၀။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၁။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၂။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

မင်္ဂလာအကျိုး—

၁၃။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမန္တိ။

မင်္ဂလသုတ္တံ။

၁။ ခုဒ္ဒကနိကာယ၊ ခုဒ္ဒကပါဌပါဠိ၊ မင်္ဂလသုတ္တ၊ နှာ-၃-၄။

မင်္ဂလသုတ်မြန်မာပြန်

နိဒါန်း—

(က) နတ်နှင့်တကွသော လူတို့သည် အကြင်မင်္ဂလာတရားတော်ကို တဆယ့်နှစ်နှစ်တို့ကာလပတ်လုံး ကြံကြကုန်၏။ စီးပွါးချမ်းသာခြင်း၏ အကြောင်းဖြစ်သော သုံးဆယ့်ရှစ်ပါး အပြားရှိသည်လည်း ဖြစ်သော ထိုမင်္ဂလာတရားတော်ကို မသိနိုင်ကုန်သာလျှင်ကတည်း။

(ခ) နတ်တကာတို့ထက်မြတ်သော ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော ဘုရားသခင်သည် အလုံးစုံသော သတ္တလောက၏ အစီးအပွါးအလို့ငှါ ဟောတော်မူအပ်သော အလုံးစုံသော မကောင်းမှုကို ပယ်ဖျောက်ပေတတ်ထသော ထိုမင်္ဂလာတရားတော်ကို သူတော်ကောင်းတို့ ငါတို့သည်—ရွတ်ကြကုန်အံ့။

၁။ ဤမဟာမင်္ဂလသုတ်တော်ကို—အကျွန်ုပ် အာနန္ဒာမထေရ်သည် မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ဤသို့ ကြားလိုက်ရ၏၊ မှတ်လိုက်ရ၏၊ ဆောင်လိုက် ရ၏၊ တပါးသောအခါ၌—မြတ်စွာ ဘုရားသည် သာဝတ္ထိပြည်၌ အနာထပိဏ်သေဋ္ဌေး၏ နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်သော ဇေတဝန်ကျောင်းတော်တွင် နေတော်မူ၏၊ ထိုသို့ နေတော်မူသောအခါ၌ အမျိုးအမည်အားဖြင့် မထင်ရှားသော နတ်သားသည်၊ ညဉ့်ဦးယာမ်လွန်ပြီးသော သန်းခေါင်အခါ၌ အလွန် နှစ်လိုဘွယ်သောအဆင်းရှိသည်ဖြစ်၍ အလုံးစုံသော ဇေတဝန်ကျောင်းတော်ကို ကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းလင်းစေဦး၍။

၂။ အကြင်အရပ်၌ မြတ်စွာဘုရားသခင်သည် ရှိတော်မူ၏။ ထိုဘုရားရှိတော်မူရာ အရပ်သို့ ကပ်လေ၏၊ ကပ်လေပြီး၍ မြတ်စွာဘုရားသခင်ကို အလွန်ရိုသေစွာရှိခိုးဦး၍ တင့်အပ်လျောက်ပတ်သောအရပ်၌ ရပ်လေ၏။ တင့်အပ်လျောက်ပတ်သော အရပ်၌ ရပ်ပြီးသော ထိုနတ်သားသည်၊ မြတ်စွာဘုရားကို ဂါထာဖြင့် ဤသို့ နားတော်လျှောက်ပေ၏။

၃။ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ များစွာကုန်သော နတ်တို့သည် ၎င်း၊ လူတို့သည်၎င်း စင်ကြယ်စွာသော နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တကုန်သည်ဖြစ်၍ စီးပွါးချမ်းသာခြင်း၏ အကြောင်း ဖြစ်ကုန်သော မင်္ဂလာတရားတော်တို့ကို တဆယ့်နှစ်နှစ်တို့ပတ်လုံး ကြံကြကုန်၏။ ကြံကြကုန်သော်လည်း မသိနိုင်ကုန်၊ ထိုမင်္ဂလာတရားတော်မြတ်ကို အရှင်ဘုရားသည် ဟောတော်မူပါလော့။

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး

၄။ လူမိုက်တို့ကို အကြင်မမှီဝဲ မဆည်းကပ်ရခြင်းသည်၎င်း၊ ပညာရှိသော သူတို့ကို အကြင်မှီဝဲဆည်းကပ်ရခြင်းသည်၎င်း၊ ပူဇော်ထိုက်သောသူတို့ကို အကြင်ပူဇော်ရခြင်းသည်၎င်း ရှိ၏။ ဤသုံးပါးသော တရားသည် လျှင် မြတ်စွာသော မင်္ဂလာမည်၏ဟူ၍ သင်နတ်သားသည် မှတ်လေလော့။

၅။ တင့်အပ်လျောက်ပတ်သောအရပ်၌ နေရခြင်းသည်၎င်း၊ ရှေးဘဝ၌ မိမိပြုခဲ့ဘူးသော ကောင်းမှုရှိသော သူ၏အဖြစ်သည်၎င်း၊ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်းသည်၎င်း ရှိ၏။ ဤသုံးပါးသော တရားသည်လျှင် မြတ်စွာသော မင်္ဂလာမည်၏ဟူ၍ သင်နတ်သား သည် မှတ်လေလော့။

၆။ အကြားအမြင်များသောသူ၏ အဖြစ်သည်၎င်း၊ လက်မှုပညာ အစရှိသော အတတ်တို့ကို တတ်ရခြင်းသည်၎င်း၊ ကောင်းစွာသင်အပ်သော ဝိနည်းတရားသည်၎င်း၊ ကောင်းစွာဆိုအပ်သော အကြင်စကားသည် ၎င်း ရှိ၏။ ဤလေးပါးသော တရားသည်လျှင် မြတ်စွာသော မင်္ဂလာ မည်၏ဟူ၍ သင်နတ်သားသည် မှတ်လေလော့။

၇။ အမိအဘကို လုပ်ကျွေး မွေးမြူရခြင်းသည်၎င်း၊ သားမယားအား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်၎င်း၊ အနှောက်အယှက်မရှိကုန်သော အမှု တို့ကို ပြုရခြင်းသည်၎င်း ရှိ၏။ ဤသုံးပါးသော တရားသည်လျှင် မြတ် စွာသော မင်္ဂလာမည်၏ဟူ၍ သင်နတ်သားသည် မှတ်လေလော့။

၈။ အလှူပေးရခြင်းသည်၎င်း၊ မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်၎င်း၊ အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်၎င်း၊ အပြစ်မရှိကုန်သော အမှုတို့ကို ပြုရခြင်းသည်၎င်း ရှိ၏။ ဤလေးပါးသော တရားသည်လျှင် မြတ်စွာသော မင်္ဂလာမည်၏ဟူ၍ သင်နှတ်သားသည် မှတ်လေလော့။

၉။ မကောင်းမှုမှ ဝေးစွာ ရှောင်ကြဉ်ရခြင်းသည်၎င်း၊ အထူးသဖြင့် ရှောင်ကြဉ်ရခြင်းသည်၎င်း၊ သေရည် သေရက်တို့ကို သောက်ခြင်းမှ ကောင်းစွာ ရှောင်ကြဉ်ရခြင်းသည်၎င်း၊ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ရခြင်းသည်၎င်း ရှိ၏။ ဤ လေးပါးသော တရားသည်လျှင် မြတ်စွာသော မင်္ဂလာမည်၏ဟူ၍ သင်နှတ်သားသည် မှတ်လေလော့။

၁၀။ ရိုသေထိုက်သော သူတို့အား ရိုသေရခြင်းသည်၎င်း၊ မိမိကိုယ်ကို နှိမ့်ချရခြင်းသည်၎င်း၊ ရောင့်ရဲလွယ်ရခြင်းသည်၎င်း၊ သူပြုဘူးသော ကျေးဇူးကို သိရခြင်းသည်၎င်း၊ သင့်တင့် လျောက်ပတ်သောအခါ၌ သူတော်ကောင်းတရားကိုနာရခြင်းသည်၎င်း ရှိ၏။ ဤငါးပါးသော တရားသည်လျှင် မြတ်စွာသော မင်္ဂလာမည်၏ ဟူ၍ သင်နှတ်သားသည် မှတ်လေလော့။

၁၁။ သည်းခံရခြင်းသည်၎င်း၊ သူတော်ကောင်းတို့ ဆုံးမအပ်သောစကားကို နာလွယ်သောသူ၏ အဖြစ်သည်၎င်း၊ ရဟန်း ပုဏ္ဏားတို့အား ဖူးမြင်ရခြင်းသည်၎င်း၊ သင့်တင့် လျောက်ပတ်သောအခါ၌ တရားတော်ကို ဆွေးနွေး မေးမြန်းရခြင်းသည်၎င်း ရှိ၏။ ဤ လေးပါးသော တရားသည်လျှင် မြတ်စွာသော မင်္ဂလာမည်၏ဟူ၍ သင်နှတ်သားသည် မှတ်လေလော့။

၁၂။ ခြိုးခြံစွာ ကျင့်ရခြင်းသည်၎င်း၊ မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်၎င်း၊ အရိယာသစ္စာတို့ကို သိမြင်ရခြင်းသည်၎င်း၊ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရခြင်းသည်၎င်း ရှိ၏။ ဤ လေးပါးသော တရားသည်လျှင် မြတ်စွာသော မင်္ဂလာမည်၏ဟူ၍ သင်နှတ်သားသည် မှတ်လေလော့။

၃၃။ လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ထိသော အကြင် ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် မတုန် မလှုပ်၊ စိုးရိမ်ခြင်းလည်းမရှိ၊ ရမ္မက်ဟူသောမြူလည်း မရှိ၊ ဘေးလည်းမရှိ၊ ဤ လေးပါးသော တရားသည်လျှင် မြတ်စွာသော မင်္ဂလာမည်၏ဟူ၍ သင်နှတ်သားသည် မှတ်လေလော့။

မင်္ဂလာအကျိုး

၃၄။ ဤသို့ သဘောရှိကုန်သော သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတို့ကို ပြုကျင့်ရသောကြောင့် အလုံးစုံသောအရပ်တို့၌ ရန်သူတို့သည် မိမိအား မအောင်နိုင်ကုန်သည်ဖြစ်၍ အလုံးစုံသော အရပ်တို့၌ ချမ်းသာခြင်းသို့ ရောက်ကုန်၏၊ ထိုသုံးဆယ့်ရှစ်ပါးသော တရားသည်လျှင် ထိုနတ် လူတို့အား မြတ်စွာသော မင်္ဂလာမည်၏ဟူ၍ သင်နတ်သား သည် မှတ်လေလော့။

မင်္ဂလာသုတ်ပြီး၏။

မင်္ဂလာ နိဒါန်း

မြတ်စွာဘုရားသခင်သည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ဟောကြားတော်မူခဲ့သော မင်္ဂလသုတ်လာ မင်္ဂလာတရားသုံးဆယ့်ရှစ်ပါးတို့သည် လူမှုရေးရာတွင် ထိမ်ချန်ကွက်လုပ်၍ မထားအပ်သော အဓိကပဓာန အချက်ကြီးများပင် ဖြစ်ပေသည်။

သာယာစိုပြေသော လူနေမှုစံနစ်ကို ထူထောင်ရာ၌ အဖက်ဖက်မှ မင်္ဂလာရှိအောင် ကြံဆောင် ကြိုးစားရမည်ပင် ဖြစ်ပါသည်။ အခြေခံ ပဏာမအဆင့်မှ နိဂုံးသပ် လက်စသိမ်း အဆင့်တိုင်အောင် အဆင့်ဆင့် မင်္ဂလာရှိသွားဘို့ လိုအပ်ပေသည်။ ပုဂ္ဂိုလ်တဦးချင်းအနေဖြင့် အသီးသီး မင်္ဂလာအပြည့်အဝ ကုံလုံစွာရှိနေပါက ထိုပုဂ္ဂိုလ်များ စုဝေး စည်းရုံး နေထိုင်ကြရာ မိသားစုသည်ရင်း၊ ရပ်ကွက်သည်ရင်း၊ ကျေးရွာသည်ရင်း၊ မြို့နယ်၊ ခရိုင်၊ တိုင်းတို့သည်ရင်း၊ ပြည်နယ်၊ ပြည်မ၊ ပြည်ထောင်စုကြီးသည်ရင်း၊ မင်္ဂလာအပြည့် ပျော်ရွှင်သာယာမှုအတိဖြင့် ဖြစ်ထွန်းပေါ်ရှိလာရမည်မှာ မုချဆတ်ဆတ်ပင် ဖြစ်ပေသည်။

ကနည်းအားဖြင့် ဆိုရပါသော် သာယာပြည့်ဖြိုး ကျက်သရေတိုးသော ပြည်ထောင်စုကြီးတခု ဖြစ်ပေါ်ရပ်တည်နိုင်ရန်အတွက် လုပ်သားပြည်သူတဦးစီသည် မင်္ဂလာတရား အပြည့်အဝ ရှိနေရမည်ပင် ဖြစ်ပေသည်။

ယင်းကဲ့သို့ မင်္ဂလာတရား သဘောကို အများပြော နားထောင်ရုံမျှနှင့် ကျေနပ်တင်းတိမ်မနေကြဘဲ ကိုယ်တိုင်ကိုယ်ကျ ထိမိစွာ ကျင့်ကြံအားထုတ်မှသာလျှင် မြတ်စွာဘုရား၏ အလိုတော်ကျ ချမ်းသာ ဝပြောသော လောကကြီးဖြစ်ပေါ် လာနိုင်ပေလိမ့်မည်။

သို့ဖြစ်ရကား မြတ်စွာဘုရား ဟောကြား ညွှန်ပြတော်မူခဲ့သော မင်္ဂလာတရားတော်များကို စံနစ်တကျ အစမှအဆုံး သုံးဆယ့်ရှစ်ပါးစလုံးကို ဝေဖန်လေ့လာ၍ လက်ငင်းဒိဋ္ဌ မျက်မှောက်ဘဝတွင် မည်ကဲ့သို့ကျင့်သုံးရမည်ဆိုသည်ကို လူ့ဘဝ တသက်တာ၏ ဖြစ်ရပ်များနှင့် စပ်ဟပ်ဟင်ပြရန် လိုအပ်ပေသည်။

မင်္ဂလသုတ်လာ တရားတော်များသည်၊ လူ့အဖြစ်သို့ မွေးဖွားရောက်ရှိလာပြီးသည်မှစ၍ နောက်ဆုံး နိဗ္ဗာန်ရောက်သည်တိုင်အောင် အဆင့်ဆင့် ဆက်လက်

ကျင့်ကြံသွားရမည့် လူမှုရေးရာများကို စနစ်တကျ စီစဉ် ဟောကြားထားခြင်း ဖြစ်ပေသည်။ ဘဝတသက်တာတွင် ကျင့်သုံးရမည့် လူမှုရေးရာများကို အကျဉ်းချုံး၍ စိစစ် ဝေဖန်လိုက်လျှင် သုံးဆယ့်ရှစ်တန်မျှ ရှိရကား မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး ဟူ၍ ဟောကြား မြွက်ဟတော်မူခဲ့ခြင်းပင် ဖြစ်ပေသည်။

မင်္ဂ = (ပါပ) မကောင်းမှု

လ = (လုနာတိ = ဆိန္ဒတိ) ပယ်ဖြတ်ခြင်း

မင်္ဂလ = မကောင်းမှုကို ပယ်ဖြတ်ခြင်း ဆိုသည်နှင့်အညီ "မင်္ဂလာ" ဟူသည် မကောင်းမှုကို ပယ်ဖြတ်တတ်သောတရား၊ တနည်းအားဖြင့် ကောင်းမှုကို ကြီးပွားစေသော တရားဖြစ်ပါသည်။ ဆင့်ပွါး အဓိပ္ပါယ်ကျ ကောက်ယူရပါမူ "အပြစ်ရှိမှု အကျိုးမဲ့ဖြစ်မှုကို တားမြစ်တတ်သော တရား" ဖြစ်ပါသည်။ ကြီးပွါး ချမ်းသာကြောင်း သာယာဝပြောကြောင်း တိုးတက်မြင့်မြတ်ကြောင်း တရားပင် ဖြစ်ပါသည်။ သို့သော်—

ကောင်းတာကို မြင်ရလျှင်

ကောင်းတာကို ကြားရလျှင်

ကောင်းတာကို နမ်းရ ရှုရလျှင်

ကောင်းတာကို စားရလျှင်

ကောင်းတာကို တွေ့ထိရလျှင် "မင်္ဂလာ" ဖြစ်သည်ဟု မင်္ဂလာအစစ် မပေါ်မီ ရှေးအခါက အယူရှိခဲ့ကြလေသည်။ ယခုတက်ပင်လည်း မင်္ဂလာအစစ်ကို မစိစစ်တတ်သူတို့က ဤအတိုင်း လက်ခံ၍ နိမိတ်ကောက် အတိတ်ကောက်လျက် ရှိနေကြပါသေးသည်။ ယင်း ယူဆချက်သည် မှားသည်ဟု မဆိုနိုင်သည့်ကိုင်အောင် "မတိကျသောယူဆချက်"ဟုသာ သတ်မှတ်ရမည် ဖြစ်ပါသည်။ အကြောင်းမှာ "ကောင်းသည်" ဟူ၍ သတ်မှတ်ရာ၌ သတ္တဝါအလျောက် လူမျိုးအလျောက် ပုဂ္ဂိုလ်အလျောက် စရိုက်သဘာဝအလျောက် အသိဉာဏ်နှင့် ခံယူချက်တို့သည် အဆင့်ဆင့် ကွဲပြား ခြားနားနိုင်သည်ပင် ဖြစ်ပါသည်။

ဥပမာ – တဦးက " လှပသော ကြာပန်းပွင့်ကို မြင်ရခြင်းသည် ကောင်းသည် " ဟု သတ်မှတ်သော်လည်း အခြားတယောက်သော ပုဂ္ဂိုလ်ကမူ အချိန်ကာလ ကြာညှောင်းဦးမည့် မကောင်းသော နိမိတ်ဖြစ်သည်ဟု ယူဆနိုင်ပါသည်။

သို့ဖြစ်၍ ဤသို့ မြင်ရ ကြားရ နမ်းရ စားရ တွေ့ထိရသော အကျိုးတို့၏ " ကောင်း - မကောင်း " ကို " မင်္ဂလာ အမင်္ဂလာ "ဟုသတ်မှတ်မည့်အစား မိမိ ပြုလုပ်ဆောင်ရွက်သော အလုပ်သည် " အပြစ်ရှိသော အလုပ်, အပြစ်ကင်းသောအလုပ်, မကောင်းကျိုးကို ဖြစ်ပွါးစေမည့်အလုပ်, ကောင်းကျိုးကို ဖြစ်ပွါးစေမည့်အလုပ်, လောဘ, ဒေါသ, မောဟ စသော အတွင်းရန်များကို ဖြစ်ပွါး ကြီးထွားစေခြင်းဖြင့် လူမှုန်းများ၍ ရန်ပွါးစေနိုင်သောအလုပ်" စသည်ဖြင့် စိစစ်ပြီးလျှင်—

အပြစ်မဲ့သော အလုပ်၊

ကောင်းကျိုးကို ဖြစ်စေတတ်သော အလုပ်၊

ရန်ငြိမ်းအေးချမ်း သာယာဝပြောစေသော အလုပ်ဖြစ်ပါက ယင်း ပြုလုပ်ဆောင်ရွက်ချက်သည် မင်္ဂလာဖြစ်စေနိုင်သည်ဟု တိတိကျကျ ယူဆလက်ခံထားသင့်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် မင်္ဂလာအစစ် သုံးဆယ့်ရှစ်တို့ကို စိစစ်ခွဲခြားလျက် ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

အမှန်စင်စစ်အားဖြင့် မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးသည် လူသားတို့၏ တဦးတယောက်အတွက်သာမက လူ့အနွယ်လူ့ရိပ်မြုံ တဆက်လုံးအတွက် အကျိုးရှိစေနိုင်သော တရားများပင် ဖြစ်ပါသည်။ ထို့ကြောင့် မည်သူမဆို "မင်္ဂလာတရား"ကို သိအောင်လေ့လာပြီးလျှင် "မင်္ဂလာတရား" ရှိနေအောင် လိုက်နာကျင့်သုံးနေထိုင်သွားပါက ထိုပုဂ္ဂိုလ်အတွက် တသက်တာသာမက ယင်းပုဂ္ဂိုလ်၏ အဆက်အနွယ်မှန်သမျှနှင့် စပ်လျဉ်းသော ပုဂ္ဂိုလ်တိုင်းအတွက်ပါ အေးချမ်းသာယာ၍ ကောင်းကျိုးများကို ခံစား စံစားနိုင်မည်သာ ဖြစ်ပါသည်။

သို့ဖြစ်၍ လူသားသည် လူ့ဘဝကို ကောင်းမှုတည်းဟူသော အကြောင်း၏ ပြည့်စုံခြင်းကြောင့် ရရှိခဲ့သည်၊ ကောင်းသည်ထက် ကောင်းစေရန်အတွက် မရပ်မနား ထပ်ကာထပ်ကာပင် ကောင်းမှုကို ကြိုးစားဆည်းပူး ပွါးများနေရမည်သာ ဖြစ်သည်။ သို့မှသာ လူသားအတွက် ရပ်တည်ချက်မှန်သည်ဟု ဆိုနိုင်

ပါမည်။ မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးသည် လူသားအတွက် အများဆုံး တိုးတက်မြင့်မားအောင် မြှောက်ပင့် တွန်းကန်ပေးသော လူ့ကျင့်ဝတ်တရားများပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ဤကျမ်းတွင်—

မင်္ဂလာအမည် ရှင်းလင်းချက်

မင်္ဂလာပြည့်ဝ၍ ကောင်းကျိုးစံရခြင်း အကြောင်းများကို အထောက်အထား သာဓကများနှင့် တကွ စနစ်တကျ စီစဉ်ဖော်ပြထားပါသည်။ ကိုယ်တဦးတည်း အတွက်သာမက သားစဉ်မြေးဆက် အများစုအတွက် ဆက်လက်ထမ်းပိုး ကောင်းကျိုးဖြစ်ပွါးစေနိုင်သော မင်္ဂလာများ ရရှိပြည့်ဝကြအောင် လိုက်နာကျင့်သုံးပြီး တကမ္ဘာလုံး၏ ချမ်းသာမှုကို ပြုကြပါဟူ၍ တိုက်တွန်းလိုက်ပါသတည်း။

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးအဖွင့်

၁ – အသေဝနာ စ ဗာလာနံ

(လူမိုက်တို့ကို မမှီဝဲမဆည်းကပ်ရခြင်းသည် မင်္ဂလာရှိ၏။)

ဗာလ – လူမိုက်

ဗာလဆိုသည်မှာ သူ့အသက်ကိုသတ်ခြင်း စသော ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် တည်းဟူသော အလုပ်ဆိုး အပြောဆိုး- အကြံဆိုး ရှိသောသူ ဖြစ်သည်။

မိမိကိုယ်ကို မိုက်မှန်းမသိဘဲ လူတော် လူကောင်းဟု ထင်မှတ်မှားနေသော သူသည်လည်း လူမိုက်ဖြစ်သည်။

ယခုဘဝ အကျိုးစီးပွါးနှင့် နောင်တမလွန် အကျိုးစီးပွါးကို ကြောင်းကျိုး ဆက်စပ် မသိတတ်သောသူသည် လူမိုက်ပင်ဖြစ်၏။

ဘုရားဟောကြားတော်မူသော တရားတော် (ပရိယတ္တိဓမ္မ)ကို မသိ၊ ဟော ကြားသည့်အတိုင်း ကျင့်ကြံရမည့်လုပ်ငန်း (ပဋိပတ္တိဓမ္မ)ကိုမသိ၊ ကျင့်ကြံသည့် အားလျော်စွာ ရရှိမည့်အကျိုး (ပဋိဝေဓ ဓမ္မ)ကို မသိ။ ထိုကဲ့သို့ မသိတတ်သော သူကိုလည်း ဗာလဟူ၍ပင် ခေါ်သည်။

ကျွန်ုပ်တို့သည် ပဋိသန္ဓေတည်နေစဲလာပြီးသည့်နောက် ကိုးလလွယ် ဆယ်လ ဖွား၍ လူ့လောကထဲသို့ ချဉ်းနင်း ဝင်ရောက်လာခဲ့ရသဖြင့် လူအဖြစ်ကို ရရှိ လာခဲ့ရပေသည်။ ထိုအခါ နို့ချိုတိုက်ကျွေး မွေးမြူခဲ့သည့် မိခင်ကဒင်း၊ အစစ အရာရာ စောင့်ရှောက်ထိန်းကျောင်းပေးသည့် ဖခင်ကဒင်း လက်ဦးဆရာများ အဖြစ် တနုံ့နုံ့ပြင် သွန်သင်ဆုံးမခဲ့ကြပေသည်။

မိမိတို့၏သားသမီးကို လူတန်းစေ့နေနိုင်အောင် လူမှုရေးကျေပွန်အောင် ဟူ၍ အစစအရာရာ အိမ်တွင်းပညာရပ်များကို သင်ညွှန်ပြသကြလေသည်။

ပထမဆုံး သင်ညွှန်ပြချက်မှာ လူတော်မဟုတ်သည့် လူယုတ်မာ လူမိုက်မဲများကို မပေါင်းမသင်းရန်ပင် ဖြစ်ပေသည်။ တံငါနှင့်နီးလျှင် တံငါ၊ မုဆိုးနှင့် နီးလျှင် မုဆိုး ဖြစ်တတ်သဖြင့် တေလေဂျပိုး သူခိုးမားပြစသော လောကဝတ် ရာဇဝတ် မမှုဝတ်တို့ ချွတ်ယွင်း ပျက်ချော်နေသူတို့နှင့် မပေါင်းမသင်းရန် ရှောင်ကြဉ်ရန် ဆုံးမ သွန်သင်တတ်ကြပေသည်။

ဘုရားရှိခိုး၍ ဆုတောင်းသော အခါ၌ပင် သူတော်ကောင်းနှင့် ပေါင်းရပါစေ၊ သူယုတ်မာနှင့် လွဲရပါစေဟု ဆုတောင်းစေတတ်ကြသည်။ ကျောင်းသား အရွယ် ရောက်လာသောအခါမူးယစ်သောက်စားတတ်သူ၊ ကျောင်းပြေးတတ် သောသူ၊ ခိုက်ရန်ငြင်းပွါး အချင်းများတတ်သူ၊ လိမ်လည်ကောက်ကျစ်တတ်သူ စသည့် လူကောလူပေများနှင့် မပေါင်းသင်းရန် နေ့ညမပြတ် သွန်သင်တတ်ကြ သည်။

လူမိုက် လူဆိုးများနှင့် ပေါင်းသင်းမိ၍ ပျက်စီးဆုံးရှုံးရပုံကို အကျဉ်း ထောင် အချုပ်၊ ရဲစခန်း၊ ရုံး၊ ဂတ်၊ ကရားစီရင်ရာအရပ်များတွင် ရာဇဝတ်သား များသည် ဒုက္ခရောက်ရ၍ ပြောပြစ်ပေးခံရပုံများကိုရင်း၊ ကျောင်းကန်ဘုရား များရှိ ဆေးရေးပန်းချီကားများနှင့် ဇာတ်ဝတ္ထုနိပါတ်များမှ ဒဏ္ဍာရီပုံပြင်များ ကိုရင်း ပုံစံ ဥပမာပြသ၍ လူမိုက် လူဆိုးများကိုပေါင်းသင်းမိသဖြင့် လောကီရေး ရာတွင်သာမက လောကုတ္တရာ သံသရာရေးတွင်ပါ ငရဲဒုက္ခရောက်ကြရပုံတို့ကို ညွှန်ပြဆုံးမတတ်ကြပေသည်။

ယင်းဆုံးမသွန်သင်ချက်ကို လိုက်နာသည့်အခါ ကူးမြတ်သော ကနဦး မင်္ဂလာတရားကို ရရှိသွားပေသည်။ လူယောင် လူကောင်းကလေး တယောက် ဖြစ်လာပေတော့သည်။[၁]

၂· ပဏ္ဍိတာနဉ္စ သေဝနာ

(ပညာရှိသောသူတို့ကို မှီဝဲဆည်းကပ်ရခြင်းသည် မင်္ဂလာရှိ၏)

ပဏ္ဍိတ-ပညာရှိ

ပဏ္ဍိတဆိုသည်မှာ ယခုဘဝ အကျိုးစီးပွါး နောင်ဘဝ အကျိုးစီးပွါးကို သိသောသူဖြစ်သည်။

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ ၊ မင်္ဂလသုတ္တ၊ နှာ-၁၀၆။

မိမိအကြောင်းကြောင့်ဖြစ်စေ၊ သူတပါးအကြောင်းကြောင့်ဖြစ်စေ၊ သားသမီးအတွက်ကြောင့်ဖြစ်စေ၊စီးပွါးရေး အတွက်ကြောင့် ဖြစ်စေ၊တိုင်းပြည်နိုင်ငံရေးအတွက်ကြောင့်ဖြစ်စေ-မကောင်းမှုကိုမပြုသူ၊ မတရားမှုဖြင့် မိမိပြည့်စုံမှုကို အလိုမရှိသူပင်ဖြစ်သည်။

အကုသိုလ်တရားတို့ကို ပယ်၍ ကုသိုလ်တရားကို ပွါးများခြင်း၊ တဏှာကင်းရာ နိဗ္ဗာန်ကိုအာရုံပြုလျက် ဆိတ်ငြိမ်ရာ၌ ပျော်မွေ့ခြင်း၊ စိတ်ကိုစင်ကြယ်သန့်ရှင်းအောင် ကျင့်ကြံအားထုတ်ခြင်းများကို ပြုလုပ်နေသူသည် ပညာရှိဖြစ်ပေသည်။

ပုဗ္ဗာစရိယ မိနှင့်ဖတို့က အိမ်တွင်းသင်ညွှန်မှုများပြု၍ အတော်ကြီးပြင်းလာခဲ့ပေသည်၊ ထိုအခါ ပြင်ပလောကသို့ထွက်၍ ပညာဗဟုသုတများ ရှာမှီးနိုင်စေရန် အဆင့်သို့ ကူးပြောင်းလာခဲ့ပေသည်၊ မိဖတို့က မိမိတို့၏သားသမီးများကို လောကီ လောကုတ္တရာ နှစ်ဖြာသော ပညာရပ်တို့ကို သင်ပြဟောပြောနိုင်သည့် ပညာရှင်များထံ အပ်နှံ၍ ပညာရင်နို့ သောက်စို့စေကြပေသည်။ ကျောင်းအပ်၍ စာပေသင်ကြားခြင်း၊ ဘုန်းတော်ကြီးကျောင်း သီလရှင်ကျောင်း စသည်တို့ကို ပို့လွှတ်အပ်နှံ၍ လောကုတ္တရာ ပိဋကတ် စာပေများကို သင်အံလေ့ကျက်စေခြင်းများကို ပြုတတ်ကြပေသည်။

ကျိုးကြောင်း မြော်မြင်တတ်သည့် ပညာရှင်များထံ ဆည်းကပ် နည်းယူနိုင်အောင်လည်း နေ့ညမပြတ် သွန်သင်အားပေးတတ်ကြပေသည်၊ သူတော်မဟုတ်သည့် လူယုတ် လူမိုက်များကိုရှောင်ကြဉ်ခဲ့သဖြင့် အကျင့်စာရိတ္တ ဖြူစင်နေသောသူငယ်သည် ပညာရှိထံဆည်းကပ်မိသောအခါ စာရိတ္တသီလ, ဝါရိတ္တသီလ စသည့် ကျင့်ဝတ်သိက္ခာတို့နှင့် ပြည့်စုံသူ လူတော် လူကောင်းကလေးများ ဖြစ်လာရပေသည်၊ ပညာရှိသူတော်ကောင်းများနှင့် ပေါင်းသင်းရသဖြင့် အတတ်ပညာတတ်သိလိမ္မာသူများ ဖြစ်လာရပေသည်၊ ဤကား မင်္ဂလာရှိသော လူမှုရေးရာ၏ ဒုတိယအဆင့်သို့ ရောက်လာခြင်းပင် ဖြစ်ပေသည်[၁]။

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တာန်ဴ -၁၀၇-၁၀၈။

၃-ပူဇာစ ပူဇနေယျာနံ့

(ပူဇော်ထိုက်သောသူတို့အား ပူဇော်ခြင်းသည် မင်္ဂလာရှိ၏။)

ပူဇော်ထိုက်သူ

ပူဇော်ခံထိုက်သော ပုဂ္ဂိုလ်များမှာ လောကရေးတွင်—

၁။ အမိအဖများ၊

၂။ အစ်ကိုကြီး-အစ်မကြီးများ၊

၃။ လင်ယောကျ်ား၊

၄။ ယောက္ခမ ယောကျ်ား၊

၅။ ယောက္ခမမိန်းမ စသည်တို့ဖြစ်သည်။

ဓမ္မရေးတွင် –

၁။ မြတ်စွာဘုရား၊

၂။ ပစ္စေက ဗုဒ္ဓါ၊

၃။ အရိယာသာဝကတို့သည် ပူဇော်ခံထိုက်သူများဖြစ်သည်။

မျိုးရိုးအားဖြင့် ကြီးမြတ်သူ၊ အသက်အရွယ်အားဖြင့် ကြီးသောသူ၊ ဂုဏ်အားဖြင့် ကြီးမြတ်သောသူတို့သည် ပူဇော်ခံထိုက်သူများပင်ဖြစ်သည်။

အခါကြီး နေ့ကြီး ရက်ကြီး သင်္ကြန် ဥပုသ်နေ့စသည်များ၌ ရပ်ရွာထဲတွင် ရှိကြသည့် အသက်အားဖြင့်ကြီးသောသူ ဂုဏ်အားဖြင့် ကြီးသောသူစသော ပူဇော် ခံထိုက်သူတို့ထံသို့ ကန်တော့ပွဲများဖြင့် စေလွှတ် ကန်တော့စေခဲ့ကြလေသည်၊ ကျန်းမာရေးကို ဂရုတစိုက် ကျင့်သုံးနေထိုင်ကြသဖြင့် ရောဂါအနာကင်းရှင်း၍ အသက်ရှည်သောသူတို့သည် အတွေ့အကြုံများ၍ ပညာဗဟုသုတ ပြည့်ဝတတ်ကြပေသည်၊ ပညာဉာဏ် ကြွယ်ဝ၍ ရာယူး ဌာနန္တရအားဖြင့်လည်း ကျကျနနနှင့် ဖြစ်ကတတ်ကြပေသည်၊ ထိုပုဂ္ဂိုလ်များ၏ အတုကိုယူနိုင်စေရန် ရည်သန်၍ မိမိတို့၏သားသမီးများကို စေလွှတ်လေ့လာစေခြင်း နည်းပရိယာယ်ဟူ၍လည်း ခေါ်ဆိုနိုင်ပေသည်။

ယင်းကဲ့သို့ ရပ်ရွာထဲတွင် ပူဇော်ခံထိုက်လောက်အောင် သီလ သမာဓိ ပညာတို့နှင့် ပြည့်စုံသူတို့အား ပူဇော်စေခြင်းဖြင့် သားသမီးငယ်များသည်၊ လုပ်သား

ပြည်သူအာဇာနည်ကလေးများ ဖြစ်လိုစိတ်များ ပေါ်ပေါက်လာနိုင်ခြင်းတည်း ဟူသော လောကီကျိုးကိုရင်း ပူဇော်ထိုက်သောသူတို့အား ပူဇော်ကန်တော့သဖြင့် ရအပ်ရထိုက်သော လောကုတ္တရာကျိုးကိုရင်း တချက်ခုတ် နှစ်ချက်ပြတ် ရရှိနိုင်ပေသည်။ ပူဇော်ကန်တော့ခံသူ လူကြီးသူမများကလည်းကန်တော့လာသူ လူငယ်များအား ဆုံးမသွန်သင်သတိပေး ဟောပြောတတ်ပေသည်၊ အကြံဉာဏ်ကောင်းများ ပေးတတ်ပေသည်၊

ဤသို့လျှင်ပြည်သူ့သားကောင်းရတနာများဖြစ်လာနိုင်ရကားငြိမ်းချမ်းသာယာသော လူ့အစည်းအရုံးဖြစ်လာစေနိုင်သော မင်္ဂလာအဆင့်ပင် ဖြစ်ပေသည်၊ တဖန်ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် ချီးမြှောက်ထိုက်သူကို အသိအမှတ်ပြု၍ ချီးမြှောက်ရာမည်ပေသည်၊သို့ဖြစ်၍ ပူဇော်ခံရသူတို့ကလည်းရှေးကထက်ဆထက် ထမ်းပိုးတိုး၍ ကျင့်သုံးအားထုတ်ရန်ဆန္ဒများ တိုးပွါးရင့်သန် လာနိုင်ပေသည်၊ အားတက်သရော ရှိလာမည်ဖြစ်ပေသည်၊ ဤကား လူနေမှုစံနစ်တွင် အရေးကြီးသော တတိယအဆင့် မင်္ဂလာတရားပင် ဖြစ်ပေသည်။

မိဘတို့က အထက်ဖော်ပြပါအတိုင်း သားသမီးတို့အား မြေတောင်မြှောက်အခြေခံ ပြုစုပျိုးထောင်လိုက်ကြသဖြင့် မင်္ဂလာသုံးပါးနှင့် ပြည့်စုံ၍ သွားကြရပေသည်၊ ထိုအခါသမ္ဗုဒ္ဓဉပနိဿယစက်ဟု ဆိုအပ်သော သူတော်ကောင်းကို အမှီသဟဲပြုနိုင်ရခြင်း သမ္ပတ္တိစက်တရားနှင့် ပြည့်စုံ၍ သွားရပေသည်။[၁]

၄-ပတိရူပဒေသဝါသော စ

(သင့်တင့်လျောက်ပတ်သောအရပ်၌ နေထိုင်ရခြင်းသည် မင်္ဂလာရှိ၏။)

သင့်တင့်လျောက်ပတ်သောအရပ် (ပတိရူပဒေသ) ဆိုသည်မှာ ရဟန်း ရဟန်းမ, ဥပါသကာ-ဥပါသိကာတည်းဟူသော ပရိသတ်လေးပါးတို့နှင့် ပြည့်စုံသောအရပ်၊

ဒါနစသော ကုသိုလ်ကောင်းမှု တို့ကို ပြုလုပ်နိုင်သော အရပ်၊

ဘုရားရှင်၏ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော သာသနာထွန်းကားရာအရပ်၊

လောကီ ဥစ္စာရတနာတို့ လွန်စွာတိုးပွါး၍ ဒါနစသော ကုသိုလ်တရားများ လွန်စွာဖြစ်ထွန်းသော အရပ်တို့ဖြစ်ပါသည်။

၁။ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ-၁၀၈။

သင့်တင့်လျောက်ပတ်သော အရပ်ဒေသကို ရှာဖွေနေထိုင်တတ်ကြရသည်။ "တရွာမပြောင်း သူကောင်းမဖြစ်၊ ရွေပြင်နားလျှင်ရွှေကျေး၊ ဖူးကောင်းလိုလျှင် စင်ခံ" စသော ရှေးဟောင်း စကားပုံများအတိုင်း နေထိုင်ရာ အရပ်ဒေသ ကောင်းခြင်း တည်းဟူသော ပတိရူပဒေသဝါသစက်ကို ရရှိရန်လိုအပ်ပေသည်။ ထို့ကြောင့် မိဘများသည် သားသမီးများကို သင့်တင့်လျောက်ပတ်သော စာသင်ကျောင်းများသို့ ပို့ခြင်း ကျောင်းအိပ်ကျောင်းစားပို့ခြင်း ရွာမှမြို့သို့ စေလွှတ် နေထိုင်စေခြင်းများကို ပြုလုပ်ကတ်ကြပေသည်။

အချို့လူကြီးမိဘများသည် မိမိတို့နေထိုင်ရာ ရပ်ရွာဒေသကို ပတိရူပဒေသ သင့်တင့်လျောက်ပတ်ဘွယ် ဖြစ်လာအောင် ရပ်ရွာလူမှုဝေသင်ရေး လုပ်ငန်းများ ကို ဆောင်ရွက်ကြသည်။ မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများကို ညီညွတ်စွာ လုပ်ကိုင်ကြသည်။ ရွာသစ် မြို့သစ် မြို့သစ်များ ထူထောင်၍ ပပြောစည်ကား လာအောင် ကြံဆောင်ကြိုးစားကြပေသည်၊ တောရွာဇနပုဒ်ဝင် ဖြစ်နေသော် လည်း ဘူမိနက်သန် နယ်မြေမှန်က နေထိုင်အပ်သော ဒေသ ရပ်ရွာဖြစ်အောင် ကြံဆောင်ဖန်တီး၍ ရနိုင်ကောင်းပေသည်။ သင့်တင့်လျောက်ပတ်သော အိုး အိမ် ရပ်ရွာ မြို့နယ်တွင် မှီတင်းနေထိုင်ရခြင်းသည် လူမှုရေးတွင် စတုတ္ထ အရေး ကြီးဆုံးသော အချက်တစ်ခုဖြစ်ပေသည်။

ထို့ကြောင့် လူပုဂ္ဂိုလ်တို့သည် ကျောင်းကန်ဘုရား ရေတွင်း ရေကန် ကစား ကွင်း ဆေးရုံ ဈေး စာတိုက် ဘူတာရုံ စာကြည့်တိုက်စသော မြို့ပြအင်္ဂါတို့ နှင့် ပြည့်စုံသော ဒေသ ရပ်ရွာတို့၌ နေထိုင်သင့်ကြပေသည်။ မိမိတို့ နေထိုင်လျက် ရှိသော အရပ်ဒေသသည် ထိုမှီသင့်မှီထိုက်သော အင်္ဂါရပ်များနှင့် မပြည့်စုံသေး ပါက ပတိရူပဒေသ ဖြစ်လာအောင် ပိုင်းဝန်း ပြုစု ပျိုးထောင်ခြင်းအားဖြင့် စတုတ္ထမင်္ဂလာကို ရယူနိုင်ပေသည်။[၁]

၅–ပုဗ္ဗေ စ ကတပုညတာ

(ရှေးအခါက ကုသိုလ်ကောင်းမှု ပြုဘူးခဲ့ခြင်းသည် မင်္ဂလာရှိ၏။)

ပုဗ္ဗေ စ ကတပုညတာဟူသည် ရှေးဘဝတို့၌ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ များတို့ကို အကြောင်းပြု၍ ကုသိုလ်ကောင်းမှု ဆည်းပူးပြုလုပ်ခဲ့ဘူးသူကို

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ-၁၁၀။

ဆိုလိုသည်၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်သည် များပြားသော ကုသိုလ်အခြေခံရှိ၍ မြတ်စွာဘုရားအထံ၌ဖြစ်စေ သာဝကများ၏ အထံ၌ ဖြစ်စေ တရားနာရလျှင် လေးပါဒရှိ တဂါထာ ကြားနာရရုံမျှဖြင့် အရဟတ္တဖိုလ်သို့ ရောက်နိုင်စွမ်း ရှိပေသည်။

ပုဗ္ဗေ စ ကတပုညတာသည် ရှေးရှေး ဘဝများစွာတို့၌ ပါရမီမြောက် ကောင်းမှုကုသိုလ်ဟူသမျှကို ပြုခဲ့ဘူးသူဟု ဆိုလိုခြင်းပင် ဖြစ်ပေသည်။

အချုပ်အားဖြင့် လူဟူ၍ ဖြစ်လာရခြင်းသည် ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာတရားကြောင့် ဖြစ်ရသည်ဟု အစဉ်သတိပြုစေလိုခြင်းပင် ဖြစ်ပါသည်။

လူငယ်များသည် သင့်တင့်လျောက်ပတ်သော စာသင်ကျောင်းသို့ ရောက်ရှိပြီးနောက် စာပေပညာကို သင်ယူကြရသည်၊ ထိုအခါ ရှေးက ကောင်းမှုကုသိုလ်ကံ ပါရမီကြီးရင့်သူသည် မြန်မြန်လွယ်လွယ်နှင့် တတ်မြောက်ကြသည်၊ ရှေးဘုန်းရှေးကံ နုံနဲ့သူတို့မှာ ခဲယဉ်းငြိုငြင်စွာသင်ယူမှ ကြိုးစားနိုင်မှ တတ်မြောက်ကြသည်၊ ထို့ကြောင့် **ပုဗ္ဗေ စ ကတပုညတာ**စက်ဟုဆိုအပ်သော ရှေးဘုန်းရှေးကံရှိသူ၏အဖြစ်သည် လူနေမှုကိစ္စများ၌ ပဌမအရေးကြီးသော မင်္ဂလာတရားပင် ဖြစ်ပေသည်။

ရှေးကပြုခဲ့ဘူးသော ကံပါရမီနည်းပါး၍ ယခုမျက်မှောက်ပစ္စုပ္ပန် ဘဝတွင် ချို့တဲ့နေရသော်လည်း ယခုပင် ကံပါရမီ ဖြည့်ကျင့် အားထုတ်ပါက အနာဂတ်ကာလတွင် ဘုန်းကံရင့်ကျက်သော မင်္ဂလာကိုရနိုင်ပေသည်၊ သို့ဖြစ်၍ စိတ်ပျက်အားလျော့မနေကြဘဲ လာမည့်အနာဂတ်ကာလအတွက် ယခုကပင် ပါရမီ ဖြည့်တင်း အားထုတ်သင့်ကြောင်း လူကြီးသူမများက ဆုံးမသွန်သင်တတ်ကြ ပေသည်။[၁]

၆-အတ္တသမ္မာပဏိဓိ စ

(မိမိကိုယ်ကို ကောင်းစွာတည်ဆောက်ခြင်းသည် မင်္ဂလာရှိ၏။)

အတ္တသမ္မာပဏိဓိဟူသည် အကျင့်သီလမရှိသေးလျှင် အကျင့်သီလပြည့်ဝစေရန် ပြုလုပ်ခြင်း သဒ္ဓါတရား မရှိသေးလျှင် သဒ္ဓါတရား ဖြစ်ပွါးလာစေရန်

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ-မင်္ဂလသုတ္တ၊ နှာ-၁၁၂။

ပြုလုပ်ခြင်း မပေးရက် မလှူရက်ဖြစ်နေပါလျှင် ပေးရဲ လှူရဲအောင် ပြုလုပ်ခြင်းအားဖြင့် မိမိ၏ ကိုယ်စိတ်နှစ်ဖြာကို ကောင်းစွာထားခြင်းပင် ဖြစ်သည်[1]။

အတ္တသမ္မာပဏိဓိဟူသည် မဖြစ်သေးသော အပြစ်ရှိကြောင်း မကောင်းမှုတို့ကို မဖြစ်အောင် လုံ့လပြုခြင်း၊ ဖြစ်ပြီးသော အပြစ်ရှိကြောင်း မကောင်းမှုတို့ကို ပယ်ဖျောက်ခြင်းငှါ လုံ့လပြုခြင်း၊ မဖြစ်သေးသော အပြစ်ကင်းကြောင်း ကောင်းမှုတို့ကို ဖြစ်ပေါ်လာရန် လုံ့လပြုခြင်း၊ ဖြစ်ပြီးသော အပြစ်ကင်းကြောင်း ကောင်းမှုတို့ကို တိုးပွါးလာစေရန် လုံ့လပြုခြင်းအားဖြင့် မကောင်းသော အပြုအမူ အပြောအဆိုဘက်သို့ ရောက်မသွားစေဘဲ ယဉ်ကျေးသော အပြုအမူ အပြောအဆိုဘက် ရောက်နေအောင် မိမိ၏ ကိုယ်စိတ်နှစ်ဖြာကို ထားခြင်းပင် ဖြစ်သည်။

ကျောင်းသူ ကျောင်းသားများသည်၊ မိကောင်းဖခင် သားသမီးများပင် ဖြစ်စေကာမူ ကျောင်းကြီးတွင် ရောက်နေစေကာမူ မိမိ ကိုယ်စိတ်နှစ်ဖြာကို တော်တည့်မှန်ကန်အောင် မဆောက်တည်နိုင်ပါက ပျက်စီးဆုံးရှုံးတတ်ကြပေသည်၊ ထို့ကြောင့် ကိုယ်နှုတ်နှလုံး သုံးပါးစလုံးကို စောင့်ထိန်း တတ်အောင် ဆောက်တည်ခြင်း ဟူသော အတ္တသမ္မာပဏိဓိတစ်ခုကို ရနိုင်ပါက လူမှုရေးရာ ဘဝတွင် အလွန်အရေးကြီးလှသော မင်္ဂလာတပါးကို ရရှိသည်သာလျှင် ဖြစ်ပေ၏။

ကိုယ့်ကိုယ်ကိုကိုး ဟောင်နှယ်ကိုးကိုယ်ကကောင်းလျှင် ခေါင်းဘယ်မှ မရွေ့စသည်ဖြင့် ဆုံးမသွန်သင်ချက်များသည် ဤ အတ္တသမ္မာပဏိဓိ မင်္ဂလာကို ရစေရန် ရည်သန်သော ပြောဆိုချက်များပင် ဖြစ်ပေသည်၊ မိမိကိုယ်ကို မိမိ ထိန်းသိမ်းစောင့်ရှောက်နိုင်သော ကျောင်းသား ကျောင်းသူသည် အသက်ပင် နုငယ်ငြားသော်လည်း လူ့အစည်းအရုံးသို့ ဝင်ရောက်နိုင်လောက်အောင် ရင့်ကျက်နေချေပြီ၊ ကိုယ့်ဘဝကို ကိုယ် ဖန်တီးရွက်ဆောင်နိုင်သော အရည်အချင်းနှင့် ပြည့်ဝလာပြီ ဖြစ်ပေသည်။

ဤသို့လျှင် ဘုရား ရဟန္တာအရိယာ သူတော်ကောင်းများနှင့်တကွ မိဘ ဆရာသမားတို့ လိုအင်ဆန္ဒရှိကြသော သူတော်ကောင်းနှင့် ပေါင်းသင်းမှုဝဲ

၁။ ခုဒ္ဒကပါဠိအဋ္ဌကထာ မင်္ဂလသုတ္တ-နှာ-၁၁၂။

ရှိသော သပ္ပုရိသ ဥပနိဿယစက် သင့်တင့်လျောက်ပတ်သော နေရာ၌ နေထိုင်ရခြင်း ပတိရူပဒေသစက် ကောင်းမှုကုသိုလ်ပြုခဲ့ဘူးသော ပုဗ္ဗေစကတပုညတာစက်နှင့် မိမိကိုယ်ကိုမိမိနိုင်နင်းစွာစောင့်စည်းနိုင်သော အတ္တသမ္မာပဏိဓိစက် တည်းဟူသော သမ္ပတ္တိစက်လေးပါးနှင့် ပြည့်စုံ၍ လာရပေတော့သည်။

၇-ဗာဟုသစ္စဥ္စ

(အကြားအမြင် များခြင်းသည် မင်္ဂလာရှိ၏။)

ဗာဟုသစ္စဥ္စဟူသည် လောကရေးအတွက် ကြားဘူးပြီးသော မှတ်သားဘွယ်ရာများကို မမေ့မပျောက်ရအောင် ဆောင်ထားခြင်း။

လောကုတ္တရာရေးအတွက် ကြားဘူးပြီးသော တရားဆိုင်ရာ မှတ်သားဘွယ်များကို မမေ့ မပျောက်ရအောင် ဆောင်ထားခြင်းကို ဆိုလိုသည်။

မင်္ဂတရားအကြောင်း ဖိုလ်တရားအကြောင်းနှင့် နိဗ္ဗာန်တရား အကြောင်းကို ကိုယ်တိုင်သိမြင်ဘူးသည်အထိ နားလည်မှု ရှိခြင်းပင် ဖြစ်သည်။[၁]

စာသင်ကျောင်းများတွင် အရေး,အဖတ်,အတွက် တည်းဟူသော အခြေခံပညာ တတ်မြောက်ပြီးသောအခါ ကျောင်းသင် ပညာတွင်သာမက ရပ်ရွာအကြောင်း တိုင်းပြည်အကြောင်း လူသားလောကအကြောင်းမှစ၍ စကြာဝဠာ အနန္တ လောကီလောကုတ္တရာ အဖြာဖြာသော ပညာဗဟုသုတတို့ကို ကြားမြင် သိရှိရလေအောင် သားသမီးများကို ပံ့ပြင်သွန်သင်ပေးကြရပေသည်၊ တရားဟောပြောပွဲများသို့ တက်ရောက်စေခြင်း ရုပ်ရှင်ပွဲ ဇာတ်ပွဲများကို ပြသခြင်း ဆွေးနွေးပွဲ ဉာဏ်နှိုးနွှေဖလှယ်ပွဲများကို တက်စေခြင်း စကားရည်လုပွဲ စာပေရေးရာပွဲများကို နားထောင်စေခြင်း ရေဒီယိုနားထောင်စေခြင်း သတင်းစာဂျာနယ် မဂ္ဂဇင်းများစသော ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်တို့ကို ဖတ်ရှုမှတ်သားစေခြင်းများကို ပြုလုပ်ပေးကြသည်။

တခါတရံ ဗဟုသုတ ကြွယ်ဝသော လူကြီးသူမများထံ ချဉ်းကပ်စေသည်၊ ပုံဝတ္ထုများ နားထောင်စေသည်၊ အာဇာနည် သူရဲကောင်းကြီးများထံ ချဉ်းကပ်

၁။ ခုဒ္ဒကပါဠအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ-၁၁၂။

စေ၍ ၎င်းတို့၏ ကိုယ်တွေ့ အဖြစ်အပျက်များကို မေးမြန်း မှတ်သားစေသည်၊ အခါကာလအားလျော်စွာ ဒေသန္တရ ဗဟုသုတများ ရရှိစေနိုင်ရန်အတွက် နယ်ဆင်းခရီးထွက်စေသည်၊ ပျော်ပွဲစားခရီးထွက်စေသည်၊ ခြေလျင်တောင်တက်စသည်တို့ကို ပြုလုပ်စေသည်၊ ကိုယ်လက်ကျန်းမာရေး ပြေးခုန်အားကစားပွဲများသို့ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြင့် ကိုယ်တွေ့ဗဟုသုတများကို ရစေသည်၊ ကွင်းဆင်းသုတေသန လုပ်ငန်းများ ကူညီဆောင်ရွက်စေသည်။

ထိုကဲ့သို့ အမျိုးမျိုးအဖုံဖုံ နည်းနာနိဿယအစုံဖြင့် လောကရေး ဓမ္မရေး ရာဇရေး ဗဟုသုတများကို ရှာမှီးစုဆောင်းစေသဖြင့် ကလေးသူငယ်များသည် ပညာဗဟုသုတ ကြွယ်ဝပြည့်စုံသော လုလင်အရွယ်သို့ရောက်ကာ လူလားမြောက်လာကြရပေသည်။

ကျောင်းသင်ခန်းစာ ပုစ္ဆာတခုကို ဖြေဆိုရာ၌ ဗဟုသုတ ခေါင်းပါးသူများထက် ဗဟုသုတ ပြည့်စုံကြွယ်ဝသော ကျောင်းသားကလွယ်လင့်တကူ လျင်မြန်ဖျပ်လပ်စွာ မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ဖြေဆိုနိုင်စွမ်း ရှိတတ်ပေသည်။ ဗဟုသုတ ပြည့်စုံသူတို့သည် အတွေ့အကြုံ အကြားအမြင်ခေါင်းပါး ချို့တဲ့သူတို့ထက်ပို၍ အောင်မြင်မှုရခြင်း လိမ္မာရေးခြားရှိခြင်း လူပေါင်းဆန့်ခြင်း ပါးနပ်ကျွမ်းကျင်ခြင်း ထူးချွန်ထက်မြက်ခြင်းစသော အကျိုးကျေးဇူးများကို လက်ငင်းရရှိနိုင်ပေသည်။

ဤသို့လျှင် လူမှုရေးရာတွင် ဗဟုသုတပေါများ ပြည့်ဝခြင်း၏ မင်္ဂလာသည် အရေးပါ အရာရောက်ကြောင်း သိသာနိုင်ပေသည်။

ဂ-သိပ္ပဥ္စ

(အတတ်ပညာ တတ်ခြင်းသည် မင်္ဂလာရှိ၏။)

သိပ္ပဟူသည်ကား လူများအဘို့ ကြီးပွါးမှုကို ပိတ်ပင် တားဆီးခြင်း မရှိဘဲ အပြစ်ကင်းသော နှုတ်မှုဆိုင်ရာ လက်မှုဆိုင်ရာ အတတ်အမျိုးမျိုးတို့ကို တတ်ကျွမ်းခြင်းပင် ဖြစ်သည်။

လူမှုဆိုင်ရာ အတတ်ပညာများမှာ ကျောက်သွေးအတတ် ပန်းထိမ်အတတ် စက်မှုလက်မှု အတတ်ပညာများ စိုက်ပျိုးရေးဆိုင်ရာ အတတ်ပညာများနှင့် ဆေးဝါး ကုသခြင်း စသော အတတ်ပညာများပင် ဖြစ်သည်။

ရဟန်းများဆိုင်ရာ အတတ်ပညာများမှာ သက်န်းဖြတ်ခြင်း ချုပ်ခြင်း ဆိုးခြင်း သပိတ်ဖုတ်ခြင်းနှင့် သိမ်သမုတ်ခြင်း သိမ်နုတ်ခြင်း ကထိန်ခင်းခြင်း စသော ကံဆောင်မှု အမျိုးမျိုးတို့ပင် ဖြစ်သည်။[၁]

ကျောင်းစာသင်တန်းစာမျှသာ သင်ယူနေခြင်းဖြင့် လူ့လောကတာဝန်မှာ ပြီးစီးပြီဟု မဆိုနိုင်ချေ၊ သက်မွေးဝမ်းကျောင်း ပညာတခုခုကို မိမိရရ ပေါက်ပေါက်မြောက်မြောက် တတ်ကျွမ်းထားရန် လိုပေသေးသည်၊ 'သားကျေးမှု မယားကျေးမှု တခုပညာ ကိုယ်စီပါရမည်' ဟူ၍ မိဘတို့က တဖွဖွ သတိပေး ဆုံးမတတ်ပေသည်။

ရှေးအခါက အဋ္ဌာရသ တဆယ့်ရှစ်ရပ်သော သိပ္ပံအတတ်များကို တတ်ကျွမ်းမှသာလျှင် လူရာဝင်ခွင့် ပေးခဲ့ကြလေသည်၊ ယခုခေတ် အခါသမယတွင်လည်း မိမိတို့၏ စားဝတ်နေရေးအတွက် အထိုက်အလျောက် ဝင်ငွေကို ရရှိစေနိုင်သော အလုပ်အတွက် ပညာတခုခု ရရှိထားရပေမည်၊ ထိုကဲ့သို့ သိပ္ပံပညာ အတတ်တခုခု တတ်ကျွမ်းထားမှသာလျှင် အလုပ်အကိုင် တခုခုကို စွဲစွဲမြဲမြဲ ရရှိ လုပ်ကိုင်နိုင်မည် ဖြစ်ပေသည်။

အလုပ်မရှိ အကိုင်မရှိ လေလေလွင့်လွင့် ပေါက်လွှတ်ပဲစား နေထိုင်သူများသည် များသောအားဖြင့် အကျင့်စာရိတ္တ ပျက်စီးပေါက်ပြန်၍ အကုသိုလ် ဒုစရိုက်မှုများ ကျူးလွန်မိကာ နောက်ဆုံး အတိဒုက္ခ ရောက်ကြရသည်ချည်းပင် ဖြစ်ချေသည်၊ သို့ဖြစ်၍ သိပ္ပံအတတ်တခုခုကို တတ်ထားရခြင်းသည်လည်း လူ့ဘဝတာတွင် အရေးကြီးလှစွာသော မင်္ဂလာတရား တပါးပင် ဖြစ်ပေသည်။

၉-ဝိနယော စ သုသိက္ခိတော

(ဝိနည်းကျင့်ဝတ်တရားကို ကောင်းစွာ လေ့ကျင့် သင်ကြား

ထားခြင်းသည် မင်္ဂလာ ရှိ၏။)

ဝိနယော စ သုသိက္ခိတော ဟူသည် ကျင့်သုံးသူတို့ကို ယဉ်ကျေးအောင် ငြိမ်သက်အောင် အဘိုးတန်တိုးတက်အောင် အချင်းချင်း ညီညွတ် စည်းလုံး

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ—၁၁၁။

၁၁၄၆၆
သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

အောင် လောကဥ္စ အသုံးဝင်အောင်နှင့် လောကုတ္တရာ တရားထူးကိုရအောင် ပြုပြင် ပို့ဆောင် ဆုံးမ သွန်သင်တတ်သော တရားစည်းမျဉ်း ဥပဒေတို့ကို လိုက်နာ ကျင့်သုံးခြင်းပင် ဖြစ်သည်။

လူမှုဆိုင်ရာ ကိုယ်ကျင့် ဝိနည်းတရားများမှာ သူ့ အသက်ကို သတ်ခြင်း စသော အပြစ်ရှိသော အမှုတို့ကို ရှောင်၍ အလှူပေးခြင်း စသော အပြစ်ကင်းသော ကောင်းမှုတို့ကို ပြုခြင်းပင် ဖြစ်သည်။

ရဟန်းတို့မှာ မြတ်စွာဘုရား ပညတ်ထားသော ၂၂၇-သွယ်သော သိက္ခာပုဒ်တို့ကို ကျင့်သုံးလိုက်နာခြင်း ညွှန်သည်ရဟန်း ကျောင်းနေရဟန်းနှင့် ဆရာ တပည့်စသည်တို့ အချင်းချင်း ပြုလုပ်ရမည့် ဝတ္တရားများကို ဖြည့်ကျင့်ခြင်း ပင် ဖြစ်သည်။[၁]

အတတ်ပညာ မည်မျှပင် တတ်ကျွမ်းသော်လည်း အကျင့် သီလ သိက္ခာ မရှိ၊ စည်းကမ်းစနစ်မရှိ ဖြစ်ပါက ကြီးပွါးသင့်သလောက် မကြီးပွါးဘဲ ပျက်စီး ယိုယွင်းတတ်ပေသည်၊ သို့ဖြစ်၍ လူ ဥပဒေများနှင့် ရှင်ရဟန်း ဝိနည်းတို့ကို လေးစား ကျင့်ကြံကြရမည်ပင် ဖြစ်ပေသည်။

နေပုံထိုင်ပုံ စားပုံသောက်ပုံမှစ၍ လူမှု ပေါင်းသင်း ဆက်ဆံပုံတို့အပါအဝင် စည်းကမ်း ဥပဒေ မရှိပါက အကွပ်မရှိသော ကြမ်းပမာ ဖရိုဖရဲဖြစ်ကာ နေရာ မကျ ပရမ်းပတာ ဖြစ်တတ်သည်။

ဝိနည်း ဥပဒေကို မလေးစား မလိုက်နာ မကျင့်ကြံပါက စည်းလုံး ညီညွတ်၍ အေးချမ်းသာယာသော လူ့ အစည်းအရုံး မဖြစ်နိုင်ချေ၊ လူတဦး တယောက်က စည်းကမ်း ဖောက်ဖျက်လျှင်ပင် ထိုသူနှင့် ပတ်သက်သမျှသော လူ့ အဖွဲ့အစည်းမှာ စိတ်မချမ်းသာ ကိုယ်လက်မအီမသာ ဖြစ်ကြရသည်။

အစိုးရအဖွဲ့များက ပြည်သူလူထုတို့ လိုက်နာရန်အတွက် လိုက်နာကျင့်သုံး ရမည့် ဥပဒေများ ထုတ်ပြန် ရခြင်းသည်၎င်း မြတ်စွာဘုရားက တပည့် သာဝကတို့ လိုက်နာ ကျင့်ကြံရန် သိက္ခာပုဒ် ဝိနည်းများကို ပညတ်တော်မူ ရခြင်းသည်၎င်း ဤ အချက်များသည် သင့်တင့် ညီညွတ်သော လူ ရှင် ရဟန်း အဖွဲ့အစည်း ဖြစ်စေရန်အတွက်ပင် ဖြစ်ပေသည်။

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ—၁၁၃-၁၁၄။

သို့ဖြစ်၍ ဝိနည်း ဥပဒေများကိုကောင်းစွာ သင်ယူကျင့်ကြံခြင်းသည်လည်းလူ လားမြောက်ပြီးသူတိုင်း ရှက်ဆောင်အပ်လှသည့် မင်္ဂလာတရားပင် ဖြစ်ပေသည်။

မိဘများအနေနှင့်ပင်လည်း စည်းကမ်း သေသေဝပ်ဝပ်နှင့် ဗိုင်းကောင်း ကျောက်ဖိ ပိပိယိယိနေထိုင်တတ်သူ သားသမီးများအတွက် အလွန် စိတ်ချမ်းသာမှုကို လက်ငင်း ရရှိတတ်ပေသည်။ စည်းမဲ့ကမ်းမဲ့ ဝိနည်း မရှိသေ ဥပဒေ မလေးစားသော သားသမီးဆိုးများအတွက် ရတက်မအေး ရင်တလေးလေး ဖြစ်နေတတ်ကြပေသည်၊

ထို့ကြောင့်လည်း သားသမီးများအား ဝိနည်းဥပဒေများကို ကိုယ်တိုင် သင်ကြားပေးခြင်း ကျောင်း၌ သင်ယူစေခြင်း ပြင်ပလောက၌ လေ့လာစေခြင်း များကို ပြုတတ်ကြသည်။

၁၀-သုဘာသိတာ စ ယာ ဝါစာ

(စကားကို ကောင်းမွန်စွာပြောဆိုခြင်းသည် မင်္ဂလာရှိ၏။)

သုဘာသိတာ ဝါစာဟူသည် မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း ဂုံးချောသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း ကြမ်းထန်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း အကျိုးမဲ့ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းတို့သည် သုဘာသိတာ ဝါစာ ဖြစ်၏။

မကောင်းသောစကားကို မဆိုမူ၍ ကောင်းသောစကားကိုသာ ဆိုခြင်း၊

မတရားသောစကားကို မဆိုမူ၍-တရားသောစကားကိုသာ ဆိုခြင်း၊

မုန်းဘွယ်သောစကားကို မဆိုမူ၍ ချစ်ဘွယ်သောစကားကိုသာ ဆိုခြင်း၊

မမှန်သောစကားကို မဆိုမူ၍ မှန်သောစကားကိုသာ ဆိုခြင်းသည် ကောင်းသော စကားကို ဆိုခြင်းပင် ဖြစ်၏။

သင့်လျော်သောအချိန်၌ ပြောဆိုခြင်း၊

မှန်သောစကားကို ပြောဆိုခြင်း၊

သိမ်သိမ်မွေ့မွေ့ ပြောဆိုခြင်း၊

အကျိုးရှိအောင် ပြောဆိုခြင်း၊

မေတ္တာရှေ့ထား၍ ပြောဆိုခြင်းပင် ဖြစ်သည်။

ဟုတ်လည်းဟုတ် အကျိုးလည်းရှိ သူကား မနှာလိုသော စကားကိုဖြစ်စေ

ဟုတ်လည်းဟုတ် အကျိုးလည်းရှိ သူလည်း နှာလိုသောစကားကိုဖြစ်စေ ပြောဆိုတတ်ခြင်းပင် ဖြစ်သည်။[၁]

လူလားမြောက်ပြီး၍ လူကြားသူကြားသို့ ရောက်သောအခါ ဖြောင့်မှန်စွာ ရဲရဲရင့်ရင့် ပြောဆိုတတ်ရန် လိုအပ်သည်၊ လူတိုင်း အမှန်ကိုသာ ပြောဆိုကြပါမူ မှုခင်းကြီးငယ် အသွယ်သွယ်လည်း ရှိနိုင်တော့မည် မဟုတ်ပေ၊ တရားစီရင်ရေး လုပ်ငန်းတွင်လည်း သိသိသာသာ လွယ်ကူချောမောသွားပေလိမ့်မည်၊ လိမ်လည် ဖြားယောင်းမှုများ ကင်းရှင်းလာသည်နှင့်အမျှ တိုင်းပြည်လည်း အေးချမ်း သာယာလာမည်ပင်ဖြစ်သည်။

တဦးကိုတဦးက စိတ်ချလက်ချ ယုံကြည် အားထားလာကြတော့မည်ပင် ဖြစ်သည်၊ မိဘပြောသမျှကို သားသမီးများက ယုံကြည်ရသည့်အလား သား သမီးများ ပြောသမျှကိုလည်း မိဘတို့က သံသယမရှိ စိတ်ချလက်ချ ယုံကြည်လာ နိုင်ကြပေလိမ့်မည်။

အလားတူပင် ငုံးချောမှုမရှိဘဲ တဦးနှင့်တဦး မေတ္တာတရားတိုးပွါးအောင် စေ့စပ် ပြောဆိုလာကြပေမည်၊ တဦးကတဦးကို ဆဲရေးတိုင်းထွာ၍ အမနာပ ပြောဆိုမှုမျိုးလည်း ကင်းပျောက်ကာ သာယာချိုမြ နားထောင်၍ မဝအောင် ယုယုယယ ပြောဆိုကြပေလိမ့်မည်၊ အတင်းအဖျင်းတွေ ပြောမနေကြတော့ဘဲ အကျိုးရှိရာ ရှိကြောင်းကိုသာ ဆွေးနွေးနှီးနှော ပြောဆိုလာကြပေလိမ့်မည်။

ဤသို့လျှင် သုဘာသိတဝါစာ နှုတ် ဝစီကံ မင်္ဂလာနှင့် ပြည့်စုံအောင် ကလေးသူငယ်များကို သွန်သင် ကြရပေသည်၊ ဤ သုဘာသိတ မင်္ဂလာသည် အိမ်ထောင်စုတခု၏ အိမ်တွင်းရေး၌သာမက ပြည်ထောင်စုအရေး ကမ္ဘာကြီး တခုလုံး၏ အရေးများ၌လည်း အရေးပါ အရာရောက်လှသော တရားမြတ်ပင် ဖြစ်ပေတော့သည်။

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ-၁၁၄။

၁၁-မာတာပိတုဥပဋ္ဌာန်
(မိဘတို့ကို လုပ်ကျွေး မွေးမြူရခြင်းသည် မင်္ဂလာ ရှိ၏။)

အမိအဘဟူသည် မွေးသမိခင်နှင့် မွေးသဖခင်တို့ကို ဆိုလိုသည်၊ အမိဟူသည် သားသမီးတို့ကို အခြားသူများထက် ပိုမို မြတ်နိုးခြင်းရှိသော သူပင်ဖြစ်သည်၊ အဘဟူသည် သားသမီးတို့ကို မည်သူမှ မယှဉ်သာအောင် စောင့်ရှောက်တတ်သော သူပင် ဖြစ်သည်။

ထို မိဘတို့ကို သားသမီးတို့သည် ခြေဆေးပေးခြင်း နှင်းနှိပ်ပေးခြင်း စသော ကိုယ်ထိလက်ရောက် ပြုစု လုပ်ကျွေးခြင်းကို ပြုရမည်။

မိဘတို့ကို သားသမီးတို့သည် ပစ္စည်းဥစ္စာတို့ကို တတ်အားသမျှ ပေးကမ်းထောက်ပံ့၍ ကျေးဇူးဆပ်ကြရမည်။

သားသမီးတို့သည် အမိအဘတို့ကို ရတနာသုံးပါး၌ ကြည်ညိုတတ်အောင် ဆောင်ရွက်ပေးခြင်း အကျင့်သီလ ကျင့်သုံးနိုင်အောင် ဆောင်ရွက်ပေးခြင်း သာသနာ့အမွေခံ ဖြစ်နိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြုစုနေထိုင်လုပ်ကိုင်ကျွေးမွေးရမည်။[၁]

ကျောင်းများမှ အောင်မြင်ခဲ့ကြပြီးနောက် အလုပ်အကိုင် ရာထူးဌာနန္တရများ ရရှိလာကြသောအခါ အသက်အရွယ် ကြီးရင့်ကုန်ကြသဖြင့် အသက်မွေးဝမ်းကျောင်းမှုအတွက် ခဲယဉ်းငြိုငြင်လျက် ရှိကြကုန်သော ကျေးဇူးရှင် မိဘနှစ်ပါးတို့အား အတုံ့အလှည့် ပြန်လည် ပြုစု ထောက်ပံ့ ကျွေးမွေးကြရပေတော့သည်။

မိမိတို့၏ မိဘကို မိမိက ပြန်လည် ပြုစု လုပ်ကျွေးလိုက်ခြင်းဖြင့် မိမိတို့၏ သားသမီးများကလည်း မိမိတို့၏ အမူအကျင့်ကို အတုလိုက်၍ မိမိတို့အား မိဘအဖြစ် ပြုစု လုပ်ကျွေးကြမည်ပင်ဖြစ်၍ ဤကဲ့သို့ ရိုးရာစဉ်ဆက် မပျက်မယွင်းဘဲ မိဘတို့အား သားသမီးတို့က ပြုစုလုပ်ကျွေးခြင်း အလေ့အထ ရှိထားခြင်းကြောင့် ထို လူနေမှု အဖွဲ့အစည်း၏ ထုံးစံဓလေ့ ယဉ်ကျေးမှုသည်လည်း ဖြောင့်ဖြူးသာယာမည် မုချပင် ဖြစ်တော့သည်။

၁။ ခုဒ္ဒကပါဠိအဋ္ဌကထာ-မင်္ဂလသုတ္တံ၊နှာ ၁၇။

အစိုးရ အနေဖြင့်လည်း သားသမီး လက်ထောက် အောက်ခံ မရှိသူ မိအို ဖအိုကြီးများအား ဘိုးဘွားရိပ်သာ စသည်တို့ တည်ထောင်ဖွင့်လှစ်ကာ ပြုစု ထောက်ပံ့ခြင်းသည်လည်း ဤ မင်္ဂလာမျိုးပင် ဖြစ်ပေသည်။

မိဘကို သားသမီးတို့က ကျင့်ဝတ်မပျက် ပြုစုစောင့်ရှောက်ခြင်း အလေ့အထ ရှိနေသမျှ ကာလပတ်လုံး မိဘများကလည်း စိတ်ချမ်းသာမှု ရသည်နှင့်အမျှ ပျော်ရွှင်ကြမည်ဖြစ်၏၊ ပြုစုရသော သားသမီးများမှာလည်း မိဘတို့၏ မေတ္တာ ရိပ်ကြောင့် အေးချမ်းသာယာ၍ ဘေးအန္တရာယ် အပေါင်းမှ ကင်းလွတ်နိုင်မည် ဖြစ်ပေသည်၊

မိဘနှင့် သားသမီးတို့ ချစ်ခင်လေးစားလျက် ရှိကြသော မိသားစုများသည် ကျက်သရေ တိုး၍ ကောင်းကျိုး ချမ်းသာနှင့် ပြည့်စုံကြမည်ပင် ဖြစ်ရကား ထို မိသားစုမျိုး စုပေါင်း နေထိုင်ရာ ရပ်ရွာ နယ်ပယ်သည်လည်း သာယာ ငြိမ်းချမ်းမည်ပင် ဖြစ်တော့သည်။

ထိုကြောင့် မိဘနှစ်ပါးအား လုပ်ကျွေး မွေးမြူရခြင်း မင်္ဂလာသည်လည်း လူမှုရေးရာ ဘဝတာတွင် ၁၁ - ခုမြောက် အရေးပါ အရာရောက်၍ မရှိလျှင် မဖြစ်စကောင်းသော ကျင့်ဝတ် မင်္ဂလာပင် ဖြစ်ပေသည်။

---

၁၂ - ပုတ္တဒါရဿ သင်္ဂဟော

(သားသမီး ဇနီးမယားကိုကို ထောက်ပံ့ ကျွေးမွေးရခြင်းသည်မင်္ဂလာရှိ၏။)

ပုတ္တဒါရဿသင်္ဂဟ မင်္ဂလာ၌ ပုတ္တအရ မိမိရင်နှစ် သားချစ် သမီးချစ်တို့ကို ဆိုလိုသည်။

သူတပါးတို့ထံမှ အလေ့စား အမွေခံအဖြစ် တောင်းယူမွေးစားသော သား သမီးတို့ကိုလည်း ပုတ္တအရ ယူရမည်။

ဒါရအရ မယားဆယ်မျိုးအနက် ကမျိုးမျိုးဖြင့် ဘဝ ကြင်ဖော်ဖြစ်လာ သော မယားကိုဆိုလိုသည်။

သားမယားတို့ကို လင်သားဖြစ်သူသည် ပစ္စည်းဥစ္စာ အပ်နှံပေးကမ်းခြင်း ချစ်ခင်ဘွယ်ရာ ချိုသာစွာ ပြောဆိုခြင်း အကျိုးစီးပွါးကို ဆောင်ရွက်ခြင်း စသည့် ဝတ္တရားနှင့်အညီ ထောက်ပံ့ရမည်။

ဘုရားသွား ကျောင်းတက် ကုသိုလ်ဘက် လိုက်စားနိုင်ရန် အစာ ရိက္ခာ လုံလောက်စွာ စီစဉ်ပေးခြင်း ပွဲလမ်းသဘင် ပြသင့်သောအခါ၌ ပြခြင်း စသည်အမှုကိုလည်း ပြုရမည်။

မျက်မှောက်ဘဝ၌ အကျိုးဖြစ်ထွန်းမှု နောင်တမလွန်ဘဝ၌ အကျိုးဖြစ်ထွန်းမှုတို့ကို ရည်ရွယ်၍ တတ်စွမ်းသမျှ ဆုံးမသွန်သင်ခြင်းဖြင့်လည်း ထောက်ပံ့မှုကို ပြုရမည်ဟု ဆိုလိုသည်။[၁]

ပညာလည်းပြည့်စုံ ဝင်ငွေလည်းမျှတ၍ အချိန်တန်အရွယ်ရောက် လူလားမြောက်လာကြသောအခါ မိဘတို့က "ပေးဝေနှီးရင်း ထိမ်းမြားခြင်း" ဟူသော မိဘကျင့်ဝတ်အတိုင်း အရင်းအနှီး အမွေအနှစ် ခွဲဝေပေးပြီးနောက် သင့်တင့်လျောက်ပတ်သော သတို့သမီး သတို့သား ကြင်ဖော် ကြင်ဘက်နှင့် လက်ထပ်ထိမ်းမြား ပေးကြရပေသည်။

ထိုအခါမှစ၍ ကိုယ့်အိုးကိုယ့်အိမ်နှင့် အိမ်တဆောင် မီးတပြောင် နေထိုင်ကြရပေသည်။ ယောကျာ်းဖြစ်ပါက မိမိတို့ဇနီးအားရင်း သားသမီး ထွန်းကားပါက ကလေးများအားရင်း ပြုစုထောက်ပံ့ရမည့်တာဝန်, ရှိလာပေသည်၊ ခင်ပွန်းကောင်း၏ ကျင့်ဝတ်မပျက် ပြုစုစောင့်ရှောက်ရမည့်တာဝန် ရှိလာပေသည်၊ မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းသင်း နေထိုင်တတ်ခြင်းသည် သာယာပျော်ရွှင်သော မိသားစုတခု တည်ဆောက်ရာ၌ အရေးကြီးဆုံး အချက်ပင်ဖြစ်ပေသည်။

အိမ်ထောင်စုတခု၏ ဦးစီးနာယက အဖြစ်သို့ ရောက်ရှိလာပြီးဖြစ်သောကြောင့် မိမိဇနီးကို မထေမဲ့မြင် မပြုဘဲ ရှာဖွေရသမျှ ဥစ္စာရတနာကို အပ်နှင်းရမည်ဖြစ်၏၊ မိမိဇနီးမှတပါး အခြား ကာမေသု မိစ္ဆာစာရကို ရှောင်ကြဉ်၍ မိမိ၏ ဇနီး သားသမီးများကိုသာ ဝတ်စားတန်ဆာ ဆင်ယင်ပေးခြင်း ယုယကြင်နာစွာ မေတ္တာမပျက် နေထိုင်တတ်ခြင်း တည်းဟူသော လင်ကောင်း ဝတ္တရားများနှင့် ပြည့်စုံစွာနေထိုင်တတ်ရမည် ဖြစ်ပေသည်။

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ-၁၁၆-၁၁၇

မျက်မှောက် လောက၌လည်း လင်ဝတ္တရား ပြည့်စုံသော အိမ်ထောင်စုသည် ပျော်ရွှင်သာယာစွာ သီရိဂေဟာဖြစ်ကြ၍ ယင်းဝတ္တရားချွတ်ယွင်း ချို့တဲ့သော မိသားစုတို့မှာ ပူဆွေးဒုက္ခ ဒေါမနဿနှင့်သာ တွေ့ကြုံနေကြရသည်ကို တွေ့မြင်နိုင်ပေသည်၊ ပစ်စွန့်ခံရသော မယားများ ကလေးငယ်များသည် လူ့လောကအလယ်တွင် မျက်စိမျက်နှာငယ်ငယ်နှင့် ဒုက္ခပင်လယ် ဝေနေရှာကြရချေသည်။

သို့ဖြစ်၍ သားမယားအား တရားသဖြင့် လုပ်ကျွေးမွေးမြူရခြင်းသည်လည်း လူ့ကျင့်ဝတ်တရား အရင်းခံ မင်္ဂလာကြီးပင် ဖြစ်ပေသည်။

၁၃-အနာကုလာ စ ကမ္မန္တာ

(အနှောင့်အယှက်ကင်းသောအမှုကို ပြုလုပ်ရခြင်းသည် မင်္ဂလာရှိ၏။)

အနာကုလာစ ကမ္မန္တာ၌ အနှောင့်အယှက်မရှိသော အလုပ်ဟူသည် အချိန်အခါနှင့်ရင်း အရပ်ဒေသနှင့်ရင်း ကိုက်ညီအောင် လုပ်ဆောင်အပ်သော လယ်လုပ်ခြင်း ကုန်သွယ်ခြင်း စက်မှုလက်မှု စသော အလုပ်များပင် ဖြစ်ပါသည်။

ရင်းအလုပ်တို့ကို ပြုလုပ်သောအခါ အချိန်ကို လေးစားစွာပြုလုပ်ခြင်း သင့်လျော်ကောင်းမွန်အောင် ပြုလုပ်ခြင်း မပျင်းမရိ ဖင့်နွှဲခြင်းမရှိဘဲ ပြုလုပ်ခြင်း ထကြွနိုးကြားစွာ ပြုလုပ်ခြင်း မပျက်မစီးရအောင် ပြုလုပ်ခြင်း၊ ပေါ့ပေါ့တန်တန် မပြုလုပ်ခြင်းတို့သည် အလုပ်တခုနှင့်တခုရောယှက်မှု့ ရှုတ်ထွေးမှု့ အလုပ်ပိုလုပ်ဆောင်ရမှုမှ ကင်းသဖြင့် အနှောင့်အယှက်မရှိသော အလုပ်တို့ကို ပြုလုပ်ခြင်းပင် ဖြစ်သည်။[၁]

အထက်ပါအတိုင်း မိဘလုပ်ကျွေးခြင်း သားမယား ပြုစုထောက်ပံ့ခြင်းတို့အတွက် အသက်မွေးဝမ်းကျောင်း စီးပွါးရှာကြရသည်၊ ထိုအခါ သူတပါးအားရင်း မိမိအားရင်း အနှောင့်အယှက်မရှိသော အမှုကိုသာ ပြုမိသင့်ပေသည်၊ သူတပါးပျက်စီးမှု ဒုက္ခရောက်မှု မိမိအတွက် အဆင်ပြေလည်မှု ရရှိခြင်းမျိုးကို မလိုလားအပ်ချေ၊ ထိုကြောင့် လူကြီးမိဘများက မည်သည့်အမှုကိစ္စကို ဆောင်

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၁၇။

ရှက်သည်ပင်ဖြစ်စေ အနှောင့်အယှက်ကင်းအောင် ပြုလုပ်ကြရန် တိုက်တွန်းဆုံးမလေ့ရှိကြသည်။

မိမိ၏ပေါ့လျော့မှု ပျင်းရိမှု အချိန်မလေးစားမှု စသည်တို့ကြောင့် သူတပါးအား စိတ်အနှောင့်အယှက် မဖြစ်စေခြင်းမျိုးပင် ဖြစ်သည်၊ ဥပမာ- အစည်းအဝေးလုပ်ရန်အတွက် လူစုကြရာ မိမိတယောက် နောက်ကျနေသဖြင့် အများက အချိန်ကုန်ခံ စောင့်နေကြရခြင်းမျိုး ဖြစ်ပေသည်။

တခါတရံ မိမိတယောက် အကျိုးအတွက်သာရ၍ သူတပါးအား ထိခိုက်နစ်နာစေမှုမျိုး ဖြစ်တတ်သည်၊ ဥပမာ မိမိအိမ်က ရေဒီယိုကို အသံကုန်ဖွင့်ပြီး နားထောင်နေခြင်းကြောင့် အိမ်နီးနားချင်းများ မခံမရပ်နိုင် ဖြစ်ရခြင်းမျိုး ပေတည်း။

တခါတရံ မိမိပြုလုပ်သောအမှုသည် သူတပါးကို မဆိုထားဘိ မိမိကိုယ်ကိုပင် ပြန်၍ အနှောင့်အယှက် ပြုနိုင်ပေသည်၊ ဥပမာ အိပ်ရာထနောက်ကျသဖြင့် ကျောင်းတက်ချိန် မမှီလိုက်သောကြောင့် စိတ် စနောင့်စနင်း ဖြစ်ရခြင်းမျိုးကို ဆိုလိုသည်။

ထို့ကြောင့် အနာကုလာဟု ဆိုအပ်သော မိမိနှင့် သူတပါးတို့အား အနှောင့်အယှက် မဖြစ်စေတတ်သော အမှုကိစ္စဆောင်ရွက်ရခြင်းသည် မင်္ဂလာ ရှိလှပေသည်၊ လူချစ်လူခင်ပေါ်များ၍ ဥစ္စာစီးပွါး ကြီးထွား တိုးတက်နိုင်ခြင်းစသော အကျိုးထူးများကို ရရှိနိုင်ပေသည်။

၁၄-ဒါနဥ

(စွန့်ကြဲပေးကမ်းလှူဒါန်းရခြင်းသည် မင်္ဂလာရှိ၏။)

ဒါန ဟူသည် ကောင်းသောအသက်မွေးခြင်းဖြင့် ရရှိအပ်သော မိမိပိုင်ပစ္စည်းများကို သူတပါးတို့အား စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြစ်သည်။

အကျိုးစီးပွါး ဖြစ်ထွန်းနိုင်လောက်သော နည်းလမ်းကောင်း များကို သူတပါးတို့အား အကျိုးစီးပွါး ဖြစ်ထွန်းစေလိုသောစိတ်ဖြင့် ပြောဆို ကူညီခြင်းကိုလည်း ဒါနဟုပင် ခေါ်နိုင်ပါသည်။

လူအပေါင်းတို့သည် မိမိကို ခင်မင်လာအောင် ပေးကမ်းခြင်း။

မျက်မှောက်လောက၌ အကျိုးစီးပွါးဖြစ်ထွန်းမှု ရရှိရန် ရည်သန်၍ ပေးကမ်းခြင်း။

တမလွန်လောက၌ အကျိုးစီးပွါးဖြစ်ထွန်းမှုရရှိရန် ရည်သန်၍ပေးကမ်းခြင်း။

မဂ်ဖိုလ်နိဗ္ဗာန်ရရှိရန် ရည်သန်၍ ပေးကမ်းခြင်း ဟူသမျှသည်လည်း ဒါနပင်ဖြစ်ပါသည်။[၁]

ဥစ္စာစီးပွါးတိုးတက်၍ စားဝတ်နေရေးဖူလုံရုံမျှမက ပိုလျှံ၍ပင် လာတတ်ပေသည်၊ ထိုအခါ မိမိနှင့် ချစ်ကျွမ်းဝင်သူများအား ထမင်းဖိတ်ကျွေးခြင်း လက်ဆောင်ပဏ္ဏာပေးကမ်းခြင်း စည်တီးမောင်းခတ် လှူဒါန်းခြင်း စသည်တို့ကို ပြုနိုင်လာကြပေသည်။

မိမိ၏ စည်းစိမ်ကို မိမိတဦးတည်းကောင်းစားကာ ယစ်မူးနေခြင်း မပြုမိရန် အရေးကြီးပေသည်၊ မိမိ၏စည်းစိမ်ဥစ္စာကို အခြားသူများအား ဝေငှပေးကမ်းခြင်းဖြင့် လူနေမှု စီးပွါးရေးစနစ်ကို အဆင်ပြေစေသည်သာမက ပေါင်းသင်းဆက်ဆံရေးတွင်လည်း ချောမောသာယာစေပေသည်။

အိမ်နီးနားချင်း ရွာသားချင်း မြို့သားချင်း စသည်တို့အား တဇွန်းတယောက်မ စသည်ဖြင့် အထိုက်အလျောက် ပေးကမ်းစွန့်ကြဲတတ်သောသူအား လူချစ်လူခင် ပေါများတတ်ပေသည်၊ စဉ်းလဲကောက်ကျစ်သော ရန်သူပင်လည်း မိတ်ဆွေခင်ပွန်းအဖြစ်သို့ ရောက်ရှိလာတတ်ပေသည်။

ဤသို့လျှင် ဒါန တည်းဟူသောပေးကမ်း စွန့်ကြဲခြင်းအမှုသည် လူ့အစည်းအရုံးတွင် အဆင်ပြေပြေ သာယာချောမွေ့စေရန် မင်္ဂလာရှိလှသော အချက်တချက်ပင် ဖြစ်ပေသည်။

အလှူရေစက် လက်နှင့်မကွာ ဖြစ်လာနိုင်ပါက လောဘရမ္မက် တွယ်တာမှု လျော့နည်းလာကာ အကုသိုလ်စိတ်များ ခေါင်းပါးလာခြင်း အကျိုးထူးကိုလည်း ရရှိနိုင်ပေသည်။

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ-၁၁၇-၁၁၈

ရင့်ကျက်လာသောအခါ တဏှာကိုပင် ပယ်ဖြတ်နိုင်သည့် အဆင့်သို့ပင် ရောက်ရှိနိုင်ရကား ဒါနပါရမီသည် အခြေခံအရင်းကျဆုံး ကိုယ်ကျင့်တရားပင် ဖြစ်တော့သည်။

ကပ်စေးမနဲ စွန့်ကြဲလှူဒါန်းတတ်သူကို ရှင်လူရဟန်းအများကပင် ချစ်ခင် လေးစားတတ်ပေသည်။

၁၅-ဓမ္မစရိယာ စ

(တရားနှင့်အညီ ကျင့်ကြံအားထုတ်ရခြင်းသည် မင်္ဂလာရှိ၏။)

တရားနှင့်အညီ ကျင့်ကြံခြင်းဟူသည်၊ မသတ်-မခိုး-အိမ်ယာမမှားဘဲ ကာယ ဒုစရိုက်မှရှောင်၍ သနားကြင်နာစွာ သူ့အကျိုးကို ဆောင်ခြင်း သူ့ပေးမှယူခြင်း တို့ပင် ဖြစ်သည်။

မလိမ်လည် ဂုံးမတိုက် မဆဲရေး အတင်း အဖျင်း မပြောဘဲ မှန်သောစကား ခင်မင် ညီညွတ်စေသောစကား နူးညံ့ပြေပြစ်သောစကား အကျိုးရှိသောစကား တို့ကို ပြောခြင်းပင်ဖြစ်သည်။

သူတပါးပစ္စည်းကို မတရားမယူ သူတပါးတို့ကို မနှစ်နာ မပျက်စီးစေဘဲ ကွေးခေါ် ယူဆမှု့ သတ္တဝါများကို အကျိုးများအောင် မေတ္တာ ပွါးခြင်းနှင့် ဝိပဿနာတရားများကို ပွါးများခြင်းတို့ပင် ဖြစ်ပါသည်။[၁]

ဘုရားဒကာ ကျောင်းဒကာ ရှင်ဒကာ ရဟန်းဒကာ စသည်အားဖြင့် အလှူ ရှင်ကြီး အဆင့်သို့ရောက်လာခဲ့ပေပြီ၊ ထိုအခါ လူကြီးလူကောင်း စာရင်းထဲသို့ ဝင်လာပြီဖြစ်ရကား နောက်လိုက်ငယ်သားတို့နှင့် စည်စည်ကားကား ဖြစ်လာ ပေတော့သည်၊ ထိုအခါ မိမိက တရားစောင့်သိတတ်ဘို့ လိုလာပေသည်။

ချစ်ခြင်းမုန်းခြင်း ကြောက်ခြင်းမိုက်မဲတွေဝေခြင်းတို့ကြောင့် ဘက်လိုက်ခြင်း မျက်နှာလိုက်ခြင်း စသည့် မတရားမှုမျိုးကို မပြုလုပ်မိစေရန် အထူးထိန်းသိမ်း တတ်ရပေမည်၊ မိမိကတရားမစောင့်လျှင် မိမိ၏လက်အောက်ငယ်သား အပေါင်း အဖော်များမှာ ပျက်စီးဆုံးရှုံးခြင်းနှင့် မုချတွေ့ကြုံကြပေတော့မည်၊

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ-၁၁၈။

သို့အတွက် ဘယ်သူတရားပျက်ပျက် မိမိက တရားမပျက်ဘို့ အထူး အရေးကြီးလှပေသည်၊ လူတိုင်း လူတိုင်း ဓမ္မစရိယာ မင်္ဂလာနှင့် ပြည့်စုံသဖြင့် တရားအတိုင်း မှန်မှန်ကန်ကန် ကျင့်ကြံနေထိုင်လာပါမူကား လောကနိဗ္ဗာန် မုချဖြစ်လာရပေမည်။

ထို့ကြောင့် တရားစောင့်ခြင်းမင်္ဂလာသည်လည်းလူနေမှုစနစ်တွင် အရေးကြီးသော အချက်တချက်အဖြစ် ပါဝင်နေပေတော့သည်၊ ရဟန်း-ရှင်သာမဏေတို့ကလည်း လောကုတ္တရာဓမ္မကို စောင့်ထိန်းကျင့်ကြံလျှင်၎င်း လူတို့ကလည်း လောကဓမ္မကို စောင့်စည်းအားထုတ်လျှင်၎င်း အစိုးရမင်းများကလည်း ရာဇဓမ္မကို စောင့်သိရိုသေလျှင်၎င်း လူတိုင်း ရှင်တိုင်း ဓမ္မစရိယာမင်္ဂလာနှင့်ပြည့်စုံလာဘိမူကား အတိုင်းထက်အလွန် သာယာဝပြောသော လောကနိဗ္ဗာန်ကြီး ဖြစ်လာရပည် မုချပေတည်း။

၁၆-ဉာတကာနဉ္စ သင်္ဂဟော

(ဆွေမျိုးသားချင်းတို့အား ထောက်ပံ့ရခြင်းသည် မင်္ဂလာရှိ၏။)

အဆွေအမျိုးတို့ကို ပြုစု ထောက်ပံ့ခြင်းဟူသည်—

အမိဘက်မှ ဆွေမျိုး အဘဘက်မှ ဆွေမျိုးတို့ကို ပစ္စည်းဥစ္စာပေး၍ ထောက်ပံ့ခြင်း အတတ်ပညာနှင့် အကြံဉာဏ်ပေး၍ ထောက်ပံ့ခြင်း တမလွန်ဘဝ ကောင်းစားရေးနှင့် မဂ်ဖိုလ်ရရေးအတွက် ဆောင်ရွက်နိုင်အောင်-အားပေးကူညီ ထောက်ပံ့ခြင်းပင်ဖြစ်သည်။

ဦးလေး၊ အရီး၊ ဘကြီး၊ ကြီးတော်မှစ၍ ဘိုး-ဘွား-ဘေး-ဘီ-ဘင်-ဘောင် ဘောတည်းဟူသော အထက် ဆွေ ၇ဆက်စဉ် မျိုးခုနစ်ဆက်တို့ကိုရင်း,

ညီ-ညီမ-တူမမှစ၍ မြေး-မြစ်-တီ-တွတ်-မြွေ့-ကျွတ်-ကျွတ်ဆက်တည်း ဟူသော-အောက်ဆွေခုနစ်စဉ် မျိုးခုနစ်ဆက်တို့ကိုရင်း ဉာတကာဟုခေါ်သည်။[၁]

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊မင်္ဂလသုတ္တ၊ နှာ-၁၁၉။

လူသာမန် ပုထုဇဉ်တို့၏ သဘာဝအရ ကြီးပြင်း၍ ရာထူးအလုပ်အကိုင်နှင့် ဟန်ကျပန်ကျဖြစ်လာသောအခါ မိမိ၏ငယ်စဉ်က ဘဝကို မေ့မေ့လျော့လျော့ဖြစ်သွားကာ ဆွေမှန်းမသိ မျိုးမှန်းမသိ မိမိကိုယ်ကို မိုးကျရွှေကိုယ်ဟု ထင်မှတ်မှားလာတတ်ကြသည်၊ တချို့ပုဂ္ဂိုလ်တို့သည် ဆွေမျိုး ဉာတကာတို့၏ ထောက်ပံ့ကူညီမှုဖြင့် ကြီးပြင်း၍ အရွယ်ရောက်လာကြရသည်။

သို့သော် ဘုရားပြီးလျှင် ငြမ်းဖျက်သဘောမျိုးဖြင့် ဆွေမျိုးများကိုလစ်လျူရှုကာ နေတတ်ကြသည်၊ ဤကဲ့သို့ လောကဝတ် ချွတ်ယွင်းခြင်းကြောင့် ဆွေမျိုးသားချင်းတို့ မသင့်မတင့်ဖြစ်ကြကာ ရုံးရောက် ဂတ်ရောက် အမှုအခင်းတွေဖြစ်တတ်ကြလေသည်၊ အမွေမှုမျိုးလည်း ဖြစ်တတ်ကြသည်၊

သို့ဖြစ်ရကား မိမိအထွတ်အထိပ်သို့ရောက်သောအခါ ဆွေမျိုးဉာတကာတို့အား ပြန်လည် ထောက်ပံ့ရမည် ဖြစ်ပေသည်၊ ယင်းကဲ့သို့ ဆွေမျိုးတို့အား ထောက်ပံ့ခြင်းကြောင့် ကျေးဇူးတရားသိတတ်ရာလည်းရောက်ပေသည်၊အမျိုးကို စောင့်ရှောက်ရာလည်း ရောက်ပေသည်၊ မျိုးရိုးစဉ်ဆက်မပျက်မစီးအောင်စောင့်ရှောက် ထိန်းသိမ်းခြင်းသည် လူမှုရေးရာတွင် အလွန်တရာအရေးကြီးသော အချက်ပင်ဖြစ်ပေသည်။

မျိုးချစ်ပုဂ္ဂိုလ်ကြီးအတွက် မင်္ဂလာတရားမြတ် ဖြစ်ပေသည်၊ ထိုကြောင့် ဉာတကာနဉ္စသင်္ဂဟတရားသည် လူတိုင်း ကျင့်သုံးဖြည့်ဆည်းအပ်သော မင်္ဂလာတရားပင်ဖြစ်ပေသည်။

၁၇-အနဝဇ္ဇာနိ ကမ္မာနိ

(အပြစ်မရှိသော အမှုတို့ကို ပြုလုပ်ဆောင်ရွက်ရခြင်းသည် မင်္ဂလာရှိ၏။)

အပြစ်မရှိသော အလုပ်တို့ဟူသည် –

မိဘဆရာများနှင့် တိုင်းပြည် သာသနာအတွက် ဝေယျာဝစ္စတို့ကို ဆောင်ရွက်ခြင်း၊

လူနှင့် တိရစ္ဆာန်များ တည်းခိုရန်-ဥယျာဉ် ပန်းမာလ် အဆောက်အဦးတို့ကို စိုက်ပျိုး ဆောက်လုပ်ခြင်း၊

လမ်းပြုပြင်ခြင်း တံတားခင်းခြင်း ရေတွင်းရေကန် တာတမံ တူးဖော်ခြင်းနှင့် ဆည်မြောင်းဆည်ခြင်း, ဥပုသ်သီတင်း ဆောက်တည်ခြင်း စသည်တို့ပင် ဖြစ်သည်။[၁]

အထက်ပါအတိုင်း ကျင့်ကြံ နေထိုင်လာလျှင်ပင် လူတော်လူကောင်းအဖြစ်သို့ ရောက်စပြုလာပြီ ဖြစ်၏၊ သို့သော် လောကီ-လောကုတ္တရာ နှစ်ဖြာစလုံး အတွက် ကောင်းသော သူတော်ကောင်းဖြစ်ရန် လိုအပ်လာပေသည်။

ထို့ကြောင့် ဆက်လက်၍ အပြစ်မရှိသော အမှုတို့ကို ပြုမူကျင့်ကြံ လုပ်ကိုင်ရန် လိုအပ်ပေသည်၊ ကုသိုလ်တရားကို ပွါးများရန် လိုအပ်ပေသည်၊ ကုသိုလ်ကောင်းမှုတို့ကိုပြုလုပ် ဆောင်ရွက်မှသာ သူတော်ကောင်းစာရင်း ဝင်နိုင်ပေမည်၊ ယခုဘဝအတွက်သာမက နောင်တမလွန် ဘဝအတွက်လည်း အကျိုးရှိမည် ဖြစ်ပေသည်၊ ဥပမာ ဥပုသ်သီတင်း စောင့်သုံးခြင်း ဝေယျာဝစ္စမှုကြီး မှုငယ်များကို ဆောင်ရွက်ပေးခြင်း စသည်မျိုးတို့ ဖြစ်ပေသည်၊

အနဝဇ္ဇကမ္မမင်္ဂလာသည် သူတော်ကောင်းတို့ ဖြည့်ကျင့်အပ်သော တရားပင် ဖြစ်ပေသည်၊ အပြစ်မရှိသော အမှုကိုသာ ပြုမူလုပ်ကိုင်သဖြင့် အပါယ်ငရဲသို့ မကျနိုင်တော့ပြီဖြစ်၍ နောင်ဘဝအတွက် စိတ်အေးရပြီ ဖြစ်ပေသည်၊ ဤမင်္ဂလာနှင့် ပြည့်စုံသူသည် အမှုအခင်းနှင့် တွေ့ကြုံတိုင်း ဤအလုပ်ကား အပြစ်ရှိသည် ဤအလုပ်ကား အပြစ်ကင်းသည်ဟု ခွဲခြား သိနားလည်သော အဆင့်သို့ ရောက်ရှိလာပြီ ဖြစ်ပေသည်။

၁၈-အာရတိ (ပါပါ)

(စိတ်အားဖြင့် မကောင်းမှု ဒုစရိုက်အပေါင်းမှ ဝေးစွာ ရှောင်ကြဉ်ခြင်းသည်မင်္ဂလာရှိ၏။)

အာရတိဟူသည် မကောင်းမှုကို စိတ်ဖြင့်မကူးမိ-မတွေးမိအောင် ရှောင်ခြင်း ဖြစ်သည်။

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၁၉။

သူတပါးအသက်ကိုသတ်ရန် သူ့ဥစ္စာကို ခိုးရန် လိမ်လည်ရန် ကာမဂုဏ်လွန်ကျူးရန် စသော မကောင်းမှုတို့ကို စိတ်ကူးကြံစည်ခြင်း မပြုမိအောင် ရှောင်ကြဉ်ခြင်း ဖြစ်သည်။[၁]

ယင်းကဲ့သို့ အပြစ်ရှိသော မကောင်းမှုကို ခွဲခြားဝေဖန် သိတတ်လာသော အခါ ထို မကောင်းမှု အကုသိုလ်တို့မှ စိတ်အားဖြင့် မလုပ်မကိုင် မလွန်ကျူးမိအောင် ထိန်းသိမ်း ရှောင်ကြဉ်နိုင်ရန် အလေ့အကျင့် လုပ်ရသည်၊ မိမိ၏စိတ်ကို မကောင်းမှုများ မလုပ်မိအောင် ထိန်းသိမ်းနိုင်ပြီ ဆိုပါက ရင့်ကျက်စပြုလာပြီဟု ဆိုရပေမည်။

ထို့ကြောင့် မနာလိုခြင်း ဝန်တိုခြင်း သံသယဖြစ်ခြင်း အယူအဆ အစွဲအလန်း မှားယွင်းခြင်း မနောဒုစရိုက်တို့မှ ရှောင်ကြဉ်ရမည် ဖြစ်ပေသည်။

၁၉-ဝိရတီ (ပါပါ)

(ကာယကံ ဝစီကံအားဖြင့် မကောင်းမှုအကုသိုလ် ဒုစရိုက်အပေါင်းမှ အထူးသဖြင့် ရှောင်ကြဉ်နိုင်ခြင်းသည် မင်္ဂလာရှိ၏။)

ဝိရတီ ပါပါ ဟူသည် သတ်မှု ခိုးမှု မတရားပျော်ပါးမှု လိမ်မှု ရန်တိုက်မှု ဆဲမှု အဖျင်းပြောမှု တို့နှင့် ရင်ဆိုင် တွေ့သော်လည်း မပြုမိမပြောမိအောင် ရှောင်ခြင်းပင်ဖြစ်သည်။

အသက်သတ်ရန်ကိစ္စ, ခိုးဝှက် လုယူရန်ကိစ္စ, သူ့သားမယားကို ကျူးလွန်ဖောက်ပြန်ရန်ကိစ္စ စသည်တို့နှင့် ရင်ဆိုင် တွေ့ကြုံလာသောအခါ မပြုလုပ်မိအောင် ရှောင်လိုက်နိုင်ခြင်းသည် သမ္ပတ္တဝိရတီမည်၏။

ငါးပါးသီလ စသည်တို့ကို ခံယူကျင့်သုံးဆောက်တည်ခြင်းဖြင့် အကုသိုလ်မှုကို ရှောင်နိုင်ခြင်းသည် သမာဒါနဝိရတီ မည်၏။

အရိယာ သူတော်စင်ဖြစ်သော အခါမှစ၍ အကုသိုလ် ဒုစရိုက်များကို ပယ်ဖြတ်နိုင်အောင် ရှောင်ကြဉ်လိုက်နိုင်ခြင်းသည် သမုစ္ဆေဒဝိရတီ မည်၏။ ဤသို့လျှင် ဝိရတီသုံးမျိုးရှိလေသည်[၂]။

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊နှာ ၁၁၉-၁၂၀။

၂။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၁၉ ။

မကောင်းမှု အကုသိုလ်တို့မှ ကိုယ်အားဖြင့်ရင်း နှုတ်အားဖြင့်ရင်း မလွန်ကျူးမိအောင် စောင့်ထိန်း ကျင့်ကြံနိုင်ရန် ကြိုးစားရမည် ဖြစ်ပေသည်၊ အသက်အရွယ်ကြီးရင့်ပြီး ရာထူး ဌာနန္တရနှင့် ဖြစ်လာသောအခါ သတ်ဖြတ် ညှဉ်းဆဲခြင်း ခိုးယူလုယက်ခြင်း သူတပါး အိမ်ယာကို ပြစ်မှား လွန်ကျူးခြင်း တည်းဟူသော ကာယဒုစရိုက်တို့မှရင်း လိမ်လည် လှည့်ဖြားခြင်း ဂုံးချော ခြေထိုးခြင်း ဆဲရေးတိုင်းထွာ မခံသာအောင် ပြောခြင်း အဖျင်းအတင်း ပြောဆိုခြင်းတည်းဟူသော ဝစီဒုစရိုက်တို့မှရင်း ရှောင်ကြဉ်ကြရမည် ဖြစ်သည်။

သို့မှသာ သူတော်ကောင်းတို့၏ အင်္ဂါလက္ခဏာနှင့် ညီညွတ်၍ လူကြီးလူကောင်း စာရင်းဝင်လာမည် ဖြစ်ပေသည်။

၂၀-မဇ္ဇပါနာ စ သံယမော

(ထုံထိုင်း မူးယစ် မေ့လျော့စေတတ်သော ဘိန်းဘင်းကဇော် လျှော်စာ အရက်စသည်တို့ သောက်စားခြင်းမှ စောင့်စည်းခြင်းသည် မင်္ဂလာရှိ၏။)

ထုံထိုင်း ယစ်မူးမေ့လျော့ခြင်းကိုဖြစ်စေတတ်သော သေရည် သေရက်စသည်တို့ကိုစားသောက်ခြင်းသည် အကျိုးအကြောင်း မသိခြင်း အမိအဘနှင့် ဘုရားပစ္စေကဗုဒ္ဓါ သာဝကတို့ကိုပင် အန္တရာယ် ပြုတတ်ခြင်းကြောင့် မျက်မြင်ကဲ့ရဲ့ခံရမှု မကောင်းသော ဘဝသို့ ကျရောက်ရမှု-အဆင့်ဆင့် အကျိုးဆက်အားဖြင့် ရူးသွပ်ခြင်း စိတ်လေလွင့်ရခြင်းတို့ကို ဖြစ်စေတတ်၏၊ သောက်စားခြင်းမှ ရှောင်ကြဉ်ပါက ထိုအပြစ်များမှ ကင်းလွတ်စေနိုင်သောကြောင့် မင်္ဂလာမည်၏။

မူးယစ် မေ့လျော့စေတတ်သော သေရည်မျိုး ငါးပါးမှာ–

၁။ မုံ့ညက်ဖြင့် ပြုလုပ်သောသေရည်၊

၂။ မုံ့ဖြင့်ပြုလုပ်သော သေရည်၊

၃။ ထမင်းဖြင့် ပြုလုပ်သော သေရည်၊

၄။ တဆေးထည့်၍ ပြုလုပ်သော သေရည်၊

၅။ သဖန်းခါး စသော သေရည် ဖြစ်နိုင်သည့် ပစ္စည်းများကို စုပေါင်း ရောနှော၍ ပြုလုပ်သော သေရည်တို့ပင် ဖြစ်၏။

မူးယစ်မေ့လျော့ စေတတ်သော သေရက်မျိုးငါးမျိုးမှာ—

၁။ ပန်းပွင့်ရည်ဖြင့် ပြုသောအရက်၊

၂။ သစ်သီးရည်ဖြင့် ပြုသောအရက်၊

၃။ ပျားရည်ဖြင့် ပြုသောအရက်၊

၄။ ထန်းလျက်ရည် ကြံရည်စသည်ဖြင့် ပြုသောအရက်၊

၅။ ဆီးဖြူ, သျှစ်ရှား, သဖန်းခါး စသည်တို့ဖြင့် ပြုအပ်သော အရက်တို့ ဖြစ်ပေသည်။

ထိုမှတပါး ဘိန်း, ဘင်း ကဇော်, လျှော်စာ ဆေးခြောက်စသော ယခုကာလထုံထိုင်း မူးယစ်ဆေးများသည်လည်း၊ ရှောင်ကြဉ် စောင့်စည်းအပ်သော သေရည် သေရက် ယစ်မျိုးတို့ပင် ဖြစ်လေသည်။[၁]

လူကြီးလူကောင်း ဖြစ်စပြုလာသောအခါ မေ့လျော့ မူးယစ်စေတတ်သော အရက်သေရည် ဘိန်းဘင်းကဇော်လျှော်စာစသည့် ယစ်မျိုးတို့ကို သောက်စားကျူးလွန် မိတတ်ကြလေသည်။ စည်းစိမ်ယစ်သဖြင့် လူဖြစ်ရှုံးခဲ့ကြရသူများစွာပင် ရှိခဲ့ဘူးပေသည်။ သို့ဖြစ်၍ " လူကိုဖျက် အရက် " ဆိုသည့်အတိုင်း မိမိ၏ ဂုဏ်သိက္ခာ သီလသမာဓိကို ဖျက်ဆီးထိပါးစေနိုင်သော သောက်စားမူးယစ်ခြင်းတို့မှ ရှောင်ကြဉ်ရန် လိုအပ်ပေသည်။

အသောက်အစားကင်း၍ ရိုးရိုးကျင့်ကြံ မှန်မှန်အားထုတ်သူများသည် သူတော်ကောင်းအစစ် လူကြီးလူကောင်း ဖြစ်ပေတော့သည်၊ ထိုကြောင့် သေရည်သောက်စားခြင်းမှ ရှောင်ခြင်းသည် လူမှုရေးကိစ္စတွင် အရေးပါသော မင်္ဂလာတပါး ဖြစ်ပေသည်။

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၂၈။

၂၁—အပ္ပမာဒေါ စ ဓမ္မေသု

(ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းသည် မင်္ဂလာရှိ၏။)

အပ္ပမာဒေါ စ ဓမ္မေသု–ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း ဟူသည်–

ကုသိုလ်တရားတို့ကို ဆထက်တမ်းပိုး တိုးပွါးစေခြင်းငှါ လေးလေးစားစား ပြုလုပ်ခြင်း အမြဲမပြတ် ပြုလုပ်ခြင်း မပျက်မစီးအောင် ပြုလုပ်ခြင်း မတွန့်မဆုတ်ပြုလုပ်ခြင်း ကုသိုလ်ပြုလိုသော ဆန္ဒထားရှိခြင်း ကုသိုလ်ပြုရေး၌တာဝန်ယူခြင်း ကုသိုလ်ပြုရန် ဆောက်တည်ခြင်း ကုသိုလ်ရေး၌ အဖန်ဖန် အားထုတ်ခြင်း အဖန်တလဲလဲလေ့ကျင့်မှီဝဲခြင်း ပွါးများခြင်း အကြိမ်များစွာပြုခြင်းပင် ဖြစ်သည်။

ဒါနပြုရေး၌ မမေ့ခြင်း သီလကုသိုလ်ပြုရေး၌ မမေ့ခြင်း ဘာဝနာကုသိုလ်ပြုရေး၌ မမေ့ခြင်းတို့သည်လည်း အပ္ပမာဒေါ စ ဓမ္မေသုမင်္ဂလာပင် ဖြစ်ပါသည်။

အသက်အရွယ်ကြီးရင့်၍ ရာထူးဂုဏ်၊ ဓနဂုဏ်တို့နှင့် ပြည့်စုံလာသောအခါ လူတို့၏သဘာဝအတိုင်း လောဘ ဒေါသ မောဟတို့ဖြင့် ဖုံးလွှမ်းပြီး ကုသိုလ်ဖြစ်ကြောင်း တရားကောင်းကို မေ့လျော့ပေါ့တန်၍ လာတတ်ကြပေသည်။ ဒါန သီလ ဘာဝနာတရားသဘောတို့၌လည်း မေ့လျော့ပေါ့တန်၍ လာတတ်ပေသည်။ ထို ကိုယ်ကျင့်တရား ဓမ္မတို့၌ မမေ့မလျော့ မပေါ့မတန်စေရန် အထူးတလည် သတိချပ်၍ ကျင့်ကြံ အားထုတ်အပ်ပေသည်[၁]။

ထို့ကြောင့် ပိဋကအဖြစ်မှန်ကို မမေ့ကြရန် ပညာရှိသူတော်ကောင်း ဘုရားရဟန္တာတို့က တဖွဖွ မိန့်မှာတော်မူကြရပေသည်၊ လောက၌ ဖြစ်ဖြစ်သမျှ တရားတို့သည် ချုပ်ပျောက်ပျက်စီးခြင်း သဘောတရားရှိ၏ ဟူ၍၎င်း ထိုလောကကို လွန်မြောက်သော သန္တိသုခ ရှိမှုသာလျှင် မပျက်မစီးနိုင်သော သဘောရှိ၏ ဟူ၍၎င်း တရားသဘောကို မမေ့မလျော့အောင် သတိဆောင်ကြရန် လိုအပ်ပေသည်၊ ထိုကဲ့သို့ သတိတရားနှင့်ပြည့်စုံခြင်းသည် လူမှုရေးရာ လူ့ဘဝတွင် အလွန်တန်ဘိုး ရှိလှသော စိတ်ချမ်းသာမှု၏ အကြောင်းဖြစ်သော မင်္ဂလာ တရားပင် ဖြစ်ပေသည်။

၁။ ခုဒ္ဒကပါဌ အဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၂၀—၁၂၁။

ထို့ကြောင့် အပစ္စာယနဓမ္မ မမေ့သူ ဟူသော တရားသဘောမှန်ကို မမေ့မလျော့ခြင်းသည် နှစ်ဆယ့်တစ်ခုမြောက် မင်္ဂလာတရားတော်ကြီးပင် ဖြစ်ပေသည်။

၂၂—ဂါရဝေါ စ

(ရိုသေထိုက်သော သူတို့ကို ရိုသေခြင်းသည် မင်္ဂလာရှိ၏။)

ဂါရဝေါ စ— ရိုသေထိုက်သောသူတို့ကို ရိုသေခြင်းဟူသည်—

ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ သံဃာတို့၌ ရိုသေခြင်း မိဘ ဆရာသမားတို့၌ ရိုသေခြင်း

တရားဟောပြဘူးသူ ကျေးဇူးတရားရှိဘူးသူ အရွယ်ကြီးသူ ဂုဏ်ကြီးသူ စသည်တို့၌ ရိုသေခြင်း အလေးဂရုပြုခြင်းတို့ပင် ဖြစ်သည်။

ယင်းကဲ့သို့ တရားသဘောကို မမေ့မလျော့ဘဲ အစဉ်အမြဲ သတိစွဲနေသော ပုဂ္ဂိုလ်အား မော်မောက်ကြွားဝါမှုမရှိတော့ဘဲ ရိုသေထိုက်သူကိုရိုသေကိုင်းရှိုင်းလာတတ်ပေသည်၊ ငါတည်းဟူသော မာန်ဟုန်တက်ခြင်း ကင်းစင်လာတတ်ပေသည်၊ မိမိထက် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်အားဖြင့် ကြီးသောသူ၊ အသက်အရွယ်အားဖြင့် ကြီးရင့်သောသူတို့အား ရိုသေလေးစား ထိုက်သည့်အားလျော်စွာ အလေးဂရု ပြုလာတတ်ပေသည်။

မိမိက သူတပါးအား ရိုသေလျှင် သူများကလည်း မိမိအား ရိုသေလာတတ်ကြပေမည်၊ မိမိထက် ကြီးသူကို မိမိက အလေးဂရုပြုသည်ကို အတုယူ၍ မိမိအောက်ငယ်ရွယ်သူများက မိမိကို အလေးဂရုပြုလာကြမည်ပင် ဖြစ်ပေသည်၊ ဤသို့လျှင် ရိုသေမှု လေးစားမှုများအချင်းချင်း ရှိနေကြပါမူကား ရိုင်းပြစော်ကားမှု ကင်း၍ သာယာညီညွတ်သော လူ့အဖွဲ့အစည်းကြီး ဖြစ်လာနိုင်ပေမည် မုချဖြစ်တော့သည်။

ထို့ကြောင့် ဂါရဝေါစ မင်္ဂလာသည် လူမှုရေးရာ၌ အချက်အချာ လူ့ကျင့်ဝတ်တခုပင် ဖြစ်ပေသည်။

၂၃-နိဝါတော စ

(မိမိ ကိုယ်ကို နှိမ့်ချတတ်ခြင်းသည် မင်္ဂလာ ရှိ၏။)

နိဝါတော စ—မိမိကိုယ်ကို နှိမ့်ချတတ်ခြင်းဟူသည်=

ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကျိုးသော နွားများကဲ့သို့ အမျိုးဇာတ် ပစ္စည်းဥစ္စာ အဆင်း ပညာ ဂုဏ် စသည်တို့ကြောင့် တက်ကြွသော မာနကို နှိမ့်ချ၍ ထားခြင်းပင် ဖြစ်၏။

လူလူချင်း ဆက်ဆံရာ၌ နူးညံ့ပြေပြစ်စွာ ဆက်ဆံခြင်းသည်လည်း မိမိကိုယ်ကို နှိမ့်ချခြင်း နိဝါတ မင်္ဂလာ ဖြစ်သည်။[၁]

လူတို့၏ သဘာဝအရ ငါ့လှေငါစီး ဘယ်ခရီးရောက်ရောက် ငါ့ထီးငါထမ်း ဘယ်စခန်းရောက်ရောက် ငါထမင်း ငါစားသည် ဟူသော အစွဲမျိုး ရှိနေတတ်ကြသည်၊ ခက်ထန်မှု ကြမ်းကြုတ်မှု မောက်မာမှုများသည် ထိုပုဂ္ဂိုလ်မျိုးတို့တွင် အများဆုံး တွေ့ရတတ်သည်။

မိမိကိုယ်ကို နှိမ့်ချ၍ နူးနူးညံ့ညံ့ ဆက်ဆံတတ်ပါမူကား လူချစ်လူခင် ပေါများ၍ မိမိကလည်း လူပေါင်းဆန့်၍ လူရာဝင်နိုင်ပေလိမ့်မည်၊ မိမိ၌ရှိသော ဂုဏ်ပကာသနများကို ပမာဏ မထားဘဲ နှိမ့်ချအပ်သော မာနတရား ရှိပါမူကား လူတကာ ချစ်မြတ်နိုးခြင်းကို ခံရတတ်ပေသည်၊ မိမိ အတွက်လည်း စိတ်၏ သက်သာ ပျော်ရွှင်မှုကို ရနိုင်ပေသည်။

တခါတရံ မိမိ၏ဂုဏ်ထူးအလျောက် ရသင့်သော ကုလားထိုင်နေရာ မရသည်ကို ပမာမထားဘဲ နှိမ့်ချသော စိတ်ဓာတ်ဖြင့် ဖျာပေါ်မှာပင် ထိုင်ချနိုင်ပါက မိမိ၏အခြေအနေမှန်ကို သိကြသူများ အားလုံးက လေးစားကြမည်၊ အားတုံ့အားနာ ဖြစ်ကြမည့်အပြင် မိမိကို ရှေးကထက် ပို၍ လေးစား ချစ်ခင်လာကြမည်မှာ မလွဲပင်ဖြစ်တော့သည်။

မျိုးရိုးကြောင့် တက်သောမာန ပညာကြောင့် တက်သောမာန ဥစ္စာပစ္စည်းကြောင့် တက်သော မာန ဆွေမျိုးကြောင့် တက်သော မာန အဆင်း ရုပ်

၁။ ခုဒ္ဒကပါဌ အဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၂၂။

ရည်ကြောင့် တက်သော မာန စသည့် မာနမျိုးတို့ကို ပယ်စွန့်နိုင်ပါက အလွန် သိမ်မွေ့ နူးညံ့၍ လူဝင်ဆန့်သော သူတော်ကောင်းကြီး ဖြစ်လာမည်မှာ မလွဲ မုချ ဖြစ်တော့သည်။

ထိုကြောင့် နိဝါတမင်္ဂလာသည်လည်း လူမှုရေးရာအဖြာဖြာ၌ အလွန်အရေး ပါသော လူ့ ကျင့်ဝတ်တရပ်ပင် ဖြစ်ပေတော့သည်၊ ထိုကြောင့်လည်း လူကြီး မိဘ ဆရာသမားများက မိမိတို့အား မာနမတက်ကြရန် ကိုယ်စိတ်ကို နှိမ့်ချတတ် ကြရန် ဗိုင်းကောင်းကျောက်ဖိ ဖြစ်ကြစေရန် အတန်တန် နှိုးဆော် တိုက်တွန်း တတ်ကြလေသည်။

၂၄-သန္တုဋ္ဌိ စ

(ရောင့်ရဲ တင်းတိမ် ကျေနပ်လွယ်ခြင်းသည် မင်္ဂလာ ရှိ၏။)

သန္တုဋ္ဌိ စ မင်္ဂလာ၌ ရောင့်ရဲခြင်း ဟူသည်—

၁။ တရားသဖြင့် ရှာဖွေ၍ ရရသမျှသော ပစ္စည်း ဥစ္စာများဖြင့် ရောင့်ရဲ ကျေနပ်ခြင်း။

၂။ ကိုယ်အား ဉာဏ်အား စွမ်းနိုင်သည့်အင်အား အားလျော်စွာ စား ဝတ်, နေရေးတို့၌ ရောင့်ရဲခြင်း။

၃။ ငွေဝင် ငွေထွက် အသက်အရွယ်နှင့်လျော်သော စား, ဝတ်, နေရေး တို့၌ ရောင့်ရဲခြင်း တင်းတိမ်လွယ်ခြင်းပင် ဖြစ်ပေသည်။[၁]

"ရလေလိုလေ အိုဘစ္ဆေ"ဆိုသကဲ့သို့ လူ့ သဘာဝအရ ရွှေမိုး-ငွေမိုး ရွာချ သော်လည်း ရောင့်ရဲ တင်းတိမ်မှု မရှိတတ်ကြချေ၊ ဝိသမ လောဘကြောင့်ပင် စည်းစိမ်, ဥစ္စာ, အကျင့်စာရိတ္တ ပျက်ပြား ချွတ်ယွင်းတတ်ကြလေသည်။

၁။ ခုဒ္ဒကပါဌ အဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၂၂-၁၂၃။

ရောင့်ရဲ တင်းတိမ်မှုသဘော ခေါင်းပါးပါက မိမိအနေနှင့်လည်း စိတ်ဆင်းရဲမှု ဖြစ်ရသည်၊ မိမိနှင့် ပတ်သက်သူတို့လည်း ဆင်းရဲ ပင်ပန်း ဖြစ်ကြရတတ်သည်။

ရသမျှနှင့် ရောင့်ရဲလွယ်မှု မရှိခြင်း အကျင့်ဆိုးကြောင့် ယခုလောကီ ရေးရာတွင်သာမက နောင် တမလွန် သံသရာ ရေးရာတွင်လည်း အတိဒုက္ခ ရောက်ကြရတတ်ပေသည်၊ များသောအားဖြင့် မိမိတို့ ရရှိသော လစာဝင်ငွေ ထက် တန်ဘိုးကြီးမားသော ဇိမ်ခံပစ္စည်းများကို လိုလား တောင့်တတတ် ကြသည်။

ထိုကြောင့် ကြွေးမြီများ အဆမတန်တင်ကာ နောက်ဆုံး ကြွေးလည်ပင်း နစ်ဖြစ်ပြီး စားမဝ သောက်မဝ ဝတ်မလှဖြစ်ကာ ခိုးမှု လိမ်မှုတွေကို ဆက်ကာ ဆက်ကာ ကျူးလွန် လာမိတတ်ကြပေသည်၊ ထိုမှစ၍ အတော မသတ်နိုင်အောင် ဒုက္ခ ပင်လယ်ဝေကြရတတ်သည်၊ မိမိ၏ ဝင်ငွေ လစာ အခြေအနေနှင့် အထိုက်အလျောက် စား၊ ဝတ်၊ နေမှုကို ဆင်ခြင် သုံးစွဲ ကျေနပ် တင်းတိမ် ရောင့်ရဲတတ်ပါက စိတ်ချမ်းသာမှုကို လက်ငင်းအားဖြင့် ရရှိပေမည်။

ယင်းကဲ့သို့ မိမိ၏ လောဘ ရမက်ကို ချုပ်တည်း သိမ်းဆည်းနိုင်သော သတ္တ မျိုး ရှိနေကြပါက လူ့ အဖွဲ့အစည်းတွင် ပဋိပက္ခမှုများ နည်းပါး ကုန်ပျောက်ကြ တော့မည်ပင် ဖြစ်သည်၊ ရောင့်ရဲမှုရှိကြလျှင် တဦးနှင့်တဦး မနာလိုခြင်း ဝန်တို ခြင်း သဘောတရားများ ရှိတော့မည် မဟုတ်ချေ၊ ထိုကြောင့် သန္တုဋ္ဌိ မင်္ဂလာ သည် လူမှုရေးရာတွင် အလွန်ခရီးရောက်သော ကျင့်ဝတ်တရားတပါးပင်ဖြစ်ပေ တော့သည်။

ထိုကြောင့်လည်း အရွယ်ရောက်၍ ကိုယ့်ဝင်ငွေနှင့်ကိုယ် အိမ်တဆောင် မီး တပြောင် နေနိုင်လာကြပြီဆိုလျှင်သက်ဆိုင်ရာ လူကြီးမိဘများက ရသမျှနှင့်ပင် ရောင့်ရဲလွယ်ကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြောင်းကို ရှာကြပါဟု ဆုံးမ သွန်သင်တတ်ကြပေသည်။

၂၅—ကတညုတာ

(မိမိအား ကူညီ ဆောင်ရွက်ဘူးသော ကျေးဇူးတရားကို သိတတ်ခြင်းသည် မင်္ဂလာရှိ၏။)

ကတညုတာ—ပြုခဲ့ဘူးသော ကျေးဇူးကို မပြတ်သိနေခြင်း ဟူသည်–

နည်းနည်းများများ သူတပါးကမိမိအတွက် ပစ္စည်းဖြင့်ဖြစ်စေ အသိဉာဏ်ပေးခြင်းဖြင့် ဖြစ်စေ ကူညီခဲ့ဘူးခြင်းတို့ကို မပြတ် အောက်မေ့ အမှတ်ရကာ သိနေခြင်းမျိုး ဖြစ်သည်။

ဝိပဿနာအားထုတ်ဘူးအောင် ဆောင်ရွက်ပေး၍ဖြင့်း ကုသိုလ် အမျှပေးဝေ၍ဖြင့်း မိမိအား ကောင်းကျိုးပြုဘူးသူ၏ ကျေးဇူးကို ပေးဆပ်ရန် အမှတ်ရကာ သိနေခြင်းမျိုး ဖြစ်သည်။

မိမိပြုခဲ့ဘူးသော ကောင်းမှုတို့၏ ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့ခြင်းမျိုးလည်း ဖြစ်သည်၊ ကျေးဇူး တင်တတ်ခြင်းသည် မင်္ဂလာရှိ၏ဟု ဆိုလို ပါသည်။[၁]

မိဘဆရာသမားများနှင့် မိတ်ဆွေ ခင်ပွန်းကောင်းများ၏ ဆုံးမပဲ့ပြင်သွန်သင်ပြသ ပေးချက်များကြောင့် လူလားမြောက်ကာ ဟန်ကျပန်ကျ ဖြစ်လာရပေသည်၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ကြရပေသည်၊ ထိုအခါမျိုးတွင် ကျေးဇူးရှင်များကို မေ့မေ့ပျောက်ပျောက်ဖြစ်ခါ မိမိ၏ အစွမ်းအစကြောင့်သာ မိမိမှာလူဟုတ်ကြီး ဖြစ်လာရသည်ဟု အမြင်မှား အစွဲမှား ဖြစ်လာတတ်ကြသည်။

တခါတရံ မိမိ၏ ရှေးကျေးဇူးရှင်ဟောင်းများကိုပင်ပြန်၍ ကျေးစွပ်မိ တတ်ကြသည်၊ ထိုအခါ လောကတွင် ပဋိပက္ခမှုများ ဖြစ်ပေါ်လာကာ ဆူပွက် လှုပ်ရှားမှုးယှဉ်း ဖောက်ပြန် လာတတ် ချေသည်။

ထိုကြောင့် ကျေးဇူးရှင်များ၏ ပြုခဲ့ဘူးသော ကျေးဇူးတရားများကို ပြန်လည်အောက်မေ့၍ အသိတရား ဝင်စားလျက် ကျေးဇူးသိတတ်ရန် လိုအပ်ပေ

၁။ ခုဒ္ဒကပါဌ အဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၂၄။

သည်၊ ကျေးဇူးဆပ်တတ်ရန် လိုအပ်ပေသည်၊ အထူးသဖြင့် ကျေးဇူးမကန်းဘဲ ကျေးမစွပ်မိကြရန် အထူးဆင်ခြင်ကြရန် လိုအပ် ပေသည်။

ထို့ကြောင့် ကတညုတ မင်္ဂလာဟု ဆိုအပ်သော ကျေးဇူးတရားကိုသိတတ်ခြင်း တရားသည် လူ့ အစည်းအရုံးကို သာယာစိုပြေအောင် ဆောင်ရွက်တတ်သော အချက်တရပ် ဖြစ်နေပေသည်။

၂၆—ကာလေန ဓမ္မဿဝနံ

(သင့်လျော်သောအခါ၌ တရားတော်ကို ကြားနာရခြင်းသည် မင်္ဂလာရှိ၏။)

ကာလေန ဓမ္မဿဝနံ – သင့်လျော်သောအခါ၌ တရားတော်ကို နာကြားခြင်းဟူသည်–

စိတ်ပျံ့လွင့်သောအခါ၌ တရားတော်ကိုနာယူခြင်း။

ကာမဝိတက်စသည်တို့ နှိပ်စက်ခံရ၍ ၎င်းတို့ကို ပယ်ဖျောက်နိုင်ရန် တရားနာခြင်း။

သူတော်ကောင်းပညာရှင်ထံ ချဉ်းကပ်၍ မိမိယုံမှားမှုအထွေထွေကို ပယ်ဖျောက်တတ်သော တရားတို့ကို တတ်စွမ်းနိုင်သော အခါ၌ တရားနာခြင်း။

အခက်အခဲနှင့် ကြုံသောအခါ အခက်အခဲကို ဖြေရှင်းနိုင်သော တတ်ကျွမ်းသူ၏ အထံသို့သွား၍ ဖြေရှင်းသောစကားကို နားထောင်ခြင်းမျိုးပင် ဖြစ်၏။[၁]

လူမှုကိစ္စအဝဝကြောင့် လူပိုင်း တရားနာခွင့်မရကြချေ တရားနာခွင့်ရတိုင်းလည်း တရားကိုနာယူမှတ်သားထားနိုင်ခြင်း မရှိကြချေ တရားကိုနာယူမှတ်သား ထားနိုင်သည့်တိုင်အောင်ပင်လည်း တရား၏သဘာဝတ္ထကို ဆင်ခြင်

၁။ ခုဒ္ဒကပါဌ အဋ္ဌကထာ၊ မင်္ဂလသုတ္တ နှာ ၁၂၄-၅၁၅။

လေ့လာနိုင်သူများ မဟုတ်ကြချေ တရား၏သဘောကို ဆင်ခြင်မိသူတိုင်းလည်း တရားနှင့်အညီ ကျင့်သုံးနေထိုင်သူများမဟုတ်ကြချေ ဤသို့လျှင် တရားနာသူများသော်လည်း တရားနှင့်ညီညွတ်ပြည့်ဝသူ နည်းပါးလှချေသည်။

ထို့ကြောင့် တရားနာသူတွေများသလောက် တရားသိသူ တရားကျင့်သုံးသူ နည်းပါးလာပေသည်၊ ဤသို့လျှင် တရားမမျှတခြင်း ရက်စက်ကြမ်းကြုတ်ခြင်း အတိုင်းထက်အလွန် လောဘကြီးခြင်း မနာလိုဝန်တိုခြင်း စသောတရားမဲ့မှု တရားပျက်မှုတို့ကိုလည်း ယခုအခါ များစွာ တွေ့မြင်နေရပေပြီ၊ ယင်းတရားမဲ့မှု တရားပျက်မှုတို့ကို အချိန်မှီမကာကွယ်နိုင်ကြပါမူကား ထိုထက် ဆိုးဝါးသော ခေတ်ပျက် ခေတ်ယုတ်ကြီးနှင့် ရင်ဆိုင် ကြရချေတော့မည်။

မျက်မှောက် လောက၌ လူကောင်း သူကောင်း မဖြစ်ရခြင်း တမလွန် လောက၌ မြော်လင့်ချက်ကင်းမဲ့ရခြင်း စသည်ဖြင့် လူမှုရေးဆုံးရှုံးကြရပေတော့မည်၊ တရားမနာကြလျှင် တရားမှာ ဆုတ်ယုတ်မြဲ ဖြစ်၏။

သို့ဖြစ်၍ နာဘူးပြီးသား တရားကိုပင်လည်း ထပ်ကာထပ်ကာ နာယူသင့်ကြပေသည်၊ မကြားမနာရဘူးသေးသော တရားသစ်တရားကောင်းကိုလည်း နာယူမှတ်သား ကြရပေမည်ပင်ဖြစ်၏။

တရားနာယူရန် အခွင့်ကောင်း အခါကောင်း ရရှိသောအခါ မိမိစိတ်ထဲ၌ နောက်ကျိရှုပ်ထွေးနေသော အကုသိုလ်ဝိတက်တွေကို တရားနာခြင်းအားဖြင့် စင်ကြယ်စေမည်ဟူ၍ရင်း၊

အလုပ်မှ အားလပ်ခွင့်ရသည့်အခါ ကုသိုလ်တရား အသိပညာများကို တိုးပွါး စေရန်ဟူ၍ရင်း၊

နောင်တမလွန်ဘဝအတွက် ပါရမီဖြစ်အောင်နှင့် ဆင်းရဲငြိမ်းရာ သန္တိသုခကို ရရှိစေရန်ဟူ၍ရင်း ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် တရားနာယူသင့်ကြ ပေသည်။

ကာမစိတ်အားကြီး၍ လိုချင်ဆန္ဒပြင်းပြနေသော အခါမျိုး၌ဖြစ်စေ၊ ဒေါသ စိတ်မွန်၍ သတ်ချင်ဖြတ်ချင် ငိုကြွေးပူဆွေးချင်သော အခါမျိုးများ၌ ဖြစ်စေ

ပူလောင်နေသောစိတ်ကို အေးငြိမ်းသွားအောင် တရားဓမ္မ ဟောပြတတ်သူထံ ချဉ်းကပ်၍ တရားနာယူသင့်ပေသည်။

တခါတရံ သဒ္ဓါတရား အလွန်ထက်သန်နေတတ်ပေသည်။ ထိုအခါမျိုး၌လည်း သဒ္ဓါတရားမဆုတ်မနစ်ဘဲ တိုးပွါးသည်ထက် တိုးပွါးအောင် တရားနာသင့်ပေသည်၊ တရားသဘောကို ဟုတ်တိုင်း မှန်စွာ သဘာဝကျကျ ဟောပြနိုင်သူ မရှိပါက တရားသဘောပါသော စာပေကျမ်းဂန်ကို ဖတ်ရှုခြင်း သူများဖတ်ပြသည်ကို နားထောင်ခြင်းသည်လည်း ဤဓမ္မဿဝနမင်္ဂလာမျိုးပင်ဖြစ်ပေသည်။

သို့ဖြစ်၍ မိဘဆရာသမား လူကြီးသူမများက မိမိတို့အားတရားဟောပွဲများသို့ တရားနာစေလွှတ်လေ့ ရှိကြပေသည်၊ တရားပွဲသို့သွားရောက်နားထောင်လိုက်သဖြင့် မကြားဘူးသော တရားစကားကောင်းများကို ကြားရသဖြင့် ဗဟုသုတ တိုးပွါးခြင်း၊ ကြားဘူးပြီးသော တရားစကားကောင်းများကို ထပ်ကာတလဲလဲ ကြားနာရသဖြင့် မှတ်မိခြင်း ယုံမှားသံသယများကို ပယ်ရှားနိုင်ခြင်း အယူဝါဒ ဖြောင့်မှန်လာစေနိုင်ခြင်းနှင့် မိမိ၏ ကြည်ညိုစိတ်သဒ္ဓါတရားများ တိုးပွါးခြင်း စသော အကျိုးကျေးဇူးများကို ရရှိနိုင်ပေသည်။

၂၇-ခန္တီ ၀

(သည်းခံခြင်းသည် မင်္ဂလာရှိ၏။)

ခန္တီ-သည်းခံခြင်းဟူသည်-

ဆဲရေးတိုင်းထွာမှု အမျိုးမျိုးကို သည်းခံနိုင်ခြင်း။

နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်းဟူသမျှကို သည်းခံနိုင်ခြင်း။

အချမ်း အပူ အဆိုး အကောင်း အညောင်းအကိုက် ဥတုဒဏ် အစရှိသော လောကဓံတရားတို့နှင့် ကြုံသောအခါ သည်းခံနိုင်ခြင်း တို့ပင် ဖြစ်သည်[၁]။

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ ၁၂၅။

ရာထူးနှင့် ဌာနန္တရနှင့် ကျကျနနဖြစ်ကာ အိုးအိမ်အတည်တကျ စည်းစိမ်နှင့် တကွ နေထိုင်ကြရသော လူကြီးလူကောင်းများ ဖြစ်လာကြပေပြီ၊ ထိုအခါ မိမိအောက် ငယ်ရွယ်ပျိုမြစ်သူများက မိမိအား ခွန်အားယှဉ်ပြိုင် အနိုင်အရှုံးပြောဆို ရန်စလာတတ်ပေသည်၊ မိမိလောက် ခွန်အားစွမ်းပကားမရှိသူ၏ ရန်စမှုကို ခွင့်လွှတ်သည်းခံကာ မေတ္တာတရား ပွါးများသင့်ပေသည်။

တခါတရံ မိမိလောက်မှ ပစ္စည်းဓနကြွယ်ဝချမ်းသာခြင်း မရှိသူများက စည်းစိမ်ဂုဏ်သိရ်ိ အရှိန်အဝါချင်း ယှဉ်ပြိုင်တုဘက်ကာ ရန်ထောင်လာတတ်ပေသည်၊ ထိုအခါမျိုး၌လည်း မဆိုစလောက် မာန်ဟုန်မောက်သူတို့အား သဘောထားကြီးစွာဖြင့် ခွင့်လွှတ်ကာ မေတ္တာတရားရှေ့ထား၍ သည်းခံနိုင်စွမ်းရှိသင့်ပေသည်။

ကခါတရံ မိမိလောက်မှ အမြော်အမြင် ဆင်ခြင်တုံတရားမရှိဘဲ ပညာအတတ်ခေါင်းပါးသည့်သူတို့က ပလွှားမောက်မာ မချေမငံ ထိပါးပြောဆိုလာတတ်ပေသည်၊ယင်းကဲ့သို့ ပညာချင်းဆိုင် ဉာဏ်ချင်းပြိုင်၍ အနိုင်အရှုံးအရေးဆိုလာသောအခါမျိုး၌လည်း သည်းခံခြင်းတရား အပြည့်အဝထား၍ ချော့မော့ဖြောင်းဖြ တရားချတတ်ရန် လိုအပ်ပေသည်။

ဤသို့လျှင် မျိုးရိုးဇာတိ အနွယ်အဆက်အားဖြင့်ဖြစ်စေ ဥစ္စာဓန ကြွယ်ဝချမ်းသာမှုဖြင့်ဖြစ်စေ ခွန်အားစွမ်းရည်အားဖြင့်ဖြစ်စေ ဉာဏ်ပညာ အသိအမြင်အားဖြင့် ဖြစ်စေ၊မိမိအောက် ငယ်သူများကရင်း၊မိမိနှင့် စွမ်းရည်တူသူများကရင်း မိမိထက် သာလွန်သူများကရင်း ယှဉ်ပြိုင်အံတု ရန်မူမှုများပြုလာသောအခါ အမျက်အာဃာတ မထားရှိဘဲ၊ သည်းခံနိုင်စွမ်းရှိရန် လိုအပ်ပေသည်၊ ယင်းကဲ့သို့ ခွင့်လွှတ်နိုင်အောင် သည်းခံတတ်ခြင်းသည် လူမှုရေးကိစ္စ၌ အလွန်အရေးပါ အရာရောက်လှသော မင်္ဂလာကျင့်ဝတ်ကြီးတခုပင် ဖြစ်ပေသည်။

အရာရာ၌ သည်းခံတတ်ပါလျှင် ရွံမုန်းသူမရှိဘဲ လူအများ၏ ချစ်ခင်လေးစားခြင်းကို ခံရတတ်ပေသည်၊ ထိုမှတပါး မေတ္တာ၏ အာနုဘော်ကြောင့် ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ သွားတတ်ပေသည်၊ သည်းခံတတ်ခြင်း သဘောတရား ရင့်ကျက်ခိုင်မာလာပါမူ မှက် ခြင်္ယင် လေ နေပူ မြွေ ကင်း သန်းတို့၏ ဒဏ်ကိုရင်း ဥတု၏ အအေးဒဏ် အပူဒဏ် ဆာလောင် မွတ်သိပ်သောဒဏ်မှ

စ၍ ပုဂ္ဂိုလ်ချင်း မသင့်တင့်ခြင်း မိမိနှင့်မစပ်ဟပ်မိသော တရားသဘောတို့၏ ဒဏ်ကို ခံနိုင်ရည် ရှိလာနိုင်ပေမည်။

သို့မှသာ ဥတုသပ္ပါယ ဘောဇနသပ္ပါယ ပုဂ္ဂလသပ္ပါယ အာဝါသသပ္ပါယ လေးပါးနှင့် ညီမျှသင့်တင့်စွာ နေထိုင်ကျင့်သုံး တတ်လာကြပေမည်၊ ဤကား ခန္တီပါရမီ၏ အဆောက်အအုံကြီးပင် ဖြစ်ပေသည်၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း၏အခြေခံ အုတ်မြစ်ကြီးပင် ဖြစ်ပေတော့သည်။

၂၈-သောဝစဿတာ

(သူတော်ကောင်းတို့၏ ဆုံးမစကားကို နာခံတတ်ခြင်းသည် မင်္ဂလာရှိ၏။)

သောဝစဿတာ-ပညာရှိသူတော်ကောင်းတို့၏ အဆုံးအမကို

နာလွယ်သောသူ၏ အဖြစ်ဟူသည်—

အမိ အဘ ဆရာ သမား အကျိုး လိုလားသူတို့၏ ပြောဆို ဆုံးမချက်ကို ခွန်းတုံ့မလှန် နာခံခြင်း။

အကျိုးလိုလားသူတို့၏ ဆုံးမစကားကို သို့လော သို့လော စဉ်းစား ဝေဘန်မှုမပြုဘဲ ရိုသေစွာ လိုက်နာခြင်း။

ပညာရှိ သူတော်ကောင်းတို့ ဆိုဆုံးမသည့်အတိုင်း မဆုတ်မဆိုင်း ဆောင်ရွက်ရန်သုံးဖြတ်၍ ကောင်းပြီဟု ဝန်ခံလိုက်နာခြင်းပင်ဖြစ်သည်[၁]။

ရင့်ကျက်သောပါရမီအခြေခံ ကျေးရဂုဏ်ရှိလာသောအခါ သာမန်ပုထုဇဉ်တို့ ခံရပ်နိုင်ရန်ခဲယဉ်းသော လူ့လောက၏ ဝဋ္ဋဒုက္ခဘေးဒဏ်ကို ခံနိုင်ရည်ရှိလာပေပြီ၊ သို့သော် ထိုကဲ့သို့ ပညာနှင့်ဥစ္စာ ခိုင်မာလုံလောက်လာကြပြီးနောက် မိမိသာ လျှင် အတတ်ဆုံး အသိဆုံး အရှိဆုံးဟူ၍ မာန်မာနတရား ဝင်လာတတ်ပေသည်၊

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၂၆။

မိမိ၏အမှားအယွင်းကိုသိသူတတ်သူများက ဖော်ပြညွှန်ကြား ဆုံးမစကားပြော လာသောအခါ မနှစ်မြို့တတ်ကြချေ၊ ဤသို့လျှင်ဆိုဆုံးမရန် ခဲယဉ်းသောသူအဖြစ် ရောက်ကာ တယူသန်သမားကြီး ဖြစ်လာတတ်ပေသည်။

သို့ဖြစ်၍ အပြစ်အနာရှိ၍ ဆုံးမသွန်သင်လာပါလျှင် အကြည်တသာ လက်ခံနာယူနိုင်အောင် မိမိ၏မာန်မာနကိုချိုးနှိမ်၍-သောဝစဿတာဂုဏ်မြောက် အောင် ပြောရ ဆိုရ ဆုံးမရလွယ်သူဖြစ်အောင် အနေအထားရှိစေရန် လိုအပ် ပေသည်။

တရားအားထုတ်သူများသည် မိမိ သိမြင် တွေ့ရှိထားသော တရားကို ပင် မဂ်တရား ဖိုလ်တရားဟု ထင်မှတ် မှားနေစဉ် ဆရာ သမားများက ဓမ္မ အန္တရာယ် ဖြစ်နေကြောင်း အစစ်အမှန်တရားမဟုတ်သေးကြောင်း ဝိပဿနာ အန္တရာယ်ဆယ်ပါးမှ လွတ်မြောက်ကျော်လွန်အောင် ကျင့်ရန်လိုသေးကြောင်း ညွှန်ကြားဆုံးမလာလျှင်-မနှစ်မြို့တတ်ကြချေ၊ ဆိုဆုံးမလွယ်သော ရှင်လူရဟန်း သည်သာလျှင် ပြုပြင်လွယ်သဖြင့် တယူသန် သမား မဟုတ်သဖြင့် အမှားကို စွန့်လွှတ်နိုင်ခြင်း အမှန်ကိုရလွယ်ခြင်း လူချစ်လူခင် ပေါ်များခြင်းစသောအကျိုး တရားများကို ရရှိနိုင်ပေသည်။

သို့ဖြစ်၍ ဆိုဆုံးမလွယ်သူ၏ အဖြစ်သည်လည်း လူ့လောကတွင်အရေးကြီး သော မင်္ဂလာတပါးပင် ဖြစ်ပေသည်။

၂၉-သမဏာနဉ္စ ဒဿနံ

(သူတော်ကောင်းရဟန်း သာမဏေတို့အား ဖူးမြင်ရခြင်းသည် မင်္ဂလာရှိ၏။)

သမဏာနဉ္စ ဒဿနံ-ရဟန်းတို့အား ဖူးမျှော်ခြင်းဟူသည်-

ကိလေသာ ငြိမ်းအောင်ပြုဆဲ-ပြုပြီးဖြစ်ကုန်သော ရဟန်းတို့အား ဖူးမြင်ခြင်း။

ကိုယ် နှုတ် စိတ် ယဉ်ကျေးအောင် အပြီးတိုင် ဆုံးမပြီးသော ရဟန်းတို့ထံသို့ ချဉ်းကပ်ခြင်း-လုပ်ကျွေးခြင်း။

အထက်ပါ ပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ခြင်း-ရင်းတို့၏ အကြောင်းအရာကို နားထောင်ခြင်းပင် ဖြစ်သည်။[၁]

လူ့လောကတွင် မိုက်မဲယုတ်မာသူ အလွန် ပေါများလှသော်လည်း သီလ သိက္ခာ သမာဓိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကား အလွန် ရှားပါးလှချေသည်၊ နေ့စဉ် နေ့တိုင်း မကောင်းဆိုးဝါးသော သူတော်ယုတ် လူမိုက်များကိုသာ အတွေ့ အမြင်ရ များသဖြင့် မနှစ်မြို့ဖွယ်သော အမူအကျင့်တို့ကိုသာ တွေ့ကြုံသိမြင် နေကြရပေသည်။

ထိုကြောင့် စိတ်အာရုံမှာ ညစ်ညူး ညှိုးနွမ်းလျက် ရှိကြရပေသည်၊ ပုထုဇဉ် သဘာဝအလျောက် ကိလေသာ တဏှာ ရာဂ ကိစ္စရပ်များကိုသာ လက်ပွန်းတတီး တွေ့ကြုံခံစား နေကြရသဖြင့် ကုသိုလ်ရေး ဘာဝနာရေး သဒ္ဓါရေးမှာ မတိုးတက် မထွန်းပြောင်နိုင်ခဲ့ကြချေ၊ ထိုကြောင့်ပင်လည်း ရှိနှံ့ ရေပုပ်ထဲမှာ ငုပ်တုံ ပေါ်တုံ နှင့် သံသရာ ကျင်လည်ခဲ့ကြရလေသည်။

မိမိကိုယ်တိုင်ကပင် သံသရာမှ ကျွတ်ကြောင်း လွတ်ကြောင်း အကျင့်ကောင်း ကို အားမထုတ်နိုင်ပါငြားသော်လည်း ကိလေသာ ငြိမ်းအေးပြီးသော ရဟန္တာ ပုဂ္ဂိုလ်များကိုဖူးမြော်၍ ကိလေသာငြိမ်းအေးအောင် အားသွန်ကြိုးပမ်းလျက် ရှိ တော်မူကုန်သော ရဟန်းသူတော်စင်မြတ်တို့အား ဖြစ်စေ ဖူးတွေ့ရပါမူကား အလိုက်အလျောက် စိတ်၏ ငြိမ်းအေး ချမ်းသာမှုကို ကူးစက်ရရှိနိုင်ပေသည်၊ ကိလေသာ အာသဝေါ ကုန်ခန်းတော်မူကြလေပြီးကုန်သော ဘုရား ရဟန္တာ တို့အား ဖူးမြော်လိုက်ရသဖြင့် ကိလေသာ ရာဂမီးအပူသည် ခေတ္တခဏအားဖြင့် ငြိမ်းအေး၍ သွားပေတော့သည်။

နေပူမှ ခရီးပေါက် နွမ်းနယ်လာသောသူသည် အလွန်အေးမြသော ညောင်ပင် ရိပ်အောက်သို့ ရောက်သောအခါ အမောပြေ အပန်းပြေပြီး ခြေလက်အင်အား

၁။ ခုဒ္ဒကပါဠိအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၂၆-၁၂၇။

တိုးတက်ပြည့်ဖြိုးလာသော ဥပမာအတိုင်း သမဏရဟန်းများ၏အထံ အရိပ်အာဝါသ ခိုလှုံ ကပ်ရောက်မိလျှင်ပင် ကျဉ်းမြောင်းပူလောင်သော ဘဝသံသရာဒုက္ခမှ အခိုက်အတန့်အားဖြင့် ကင်းလွတ်ကာ စိတ်၏ချမ်းသာခြင်း သန္တိသုခကို ခံစားလိုက်ရပေသည်။

သို့ဖြစ်၍ အရိယာ သံဃာနှင့်တကွသော ပုထုဇဉ်ရဟန်း သမဏတို့ထံ မကြာခဏ ချဉ်းကပ်ဖူးမြော်ရခြင်းသည် စိတ်၏ပူပင်မှု အေးငြိမ်းခြင်းတည်း ဟူသော လောကီကျိုးကို ချက်ခြင်းမျက်မှောက် ရနိုင်ပေသည်။

ထိုမျှမက အတုမြင်အတတ်သင် ဆိုသော စကားအတိုင်း သံသရာဘေးမှ လွတ်မြောက်ရာဖြစ်ကြောင်း အကျင့်ကောင်းကို လိုက်နာကျင့်သုံးလိုသော လောကုတ္တရာသဒ္ဓါတရား တိုးပွါးကာ တမလွန်ဘဝ၏ အကျိုးကိုပင် ဆောင်ကျဉ်းနိုင်စွမ်းရှိရကား သမဏာနဉ္စဒဿန မင်္ဂလာသည်လည်း လူမှုရေးရာတွင်-အရေးပါအရာရောက်သော တရားတပါးပင် ဖြစ်ပေသည်။

၃၀-ကာလေန ဓမ္မသာကစ္ဆာ

(လျောက်ပတ် သင့်လျော်သော အခါကာလတွင် တရား ဆွေးနွေးရခြင်းသည် မင်္ဂလာရှိ၏။)

ကာလေန ဓမ္မသာကစ္ဆာ—လျောက်ပတ်သောအခါ၌ တရားဆွေးနွေးခြင်းဟူသည် –

စိတ်ဓာတ်ကျဆင်းသောအခါ စိတ်တွန့်ဆုတ်နေသော အခါတို့၌ အကြောင်းအရာကို ကျွမ်းကျင်သူအချင်းချင်း ဆွေးနွေး တိုင်ပင်ခြင်း။

ကိစ္စ တခုခု၌ ဖြစ်စေ အကြောင်းအရာ တခုခု၌ဖြစ်စေ တရားအားထုတ်ရာ၌ ဖြစ်စေ စိတ်အနေမကျဘဲ ပြန့်လွင့်နေသောအခါ အချင်းချင်း ဆွေးနွေးတိုင်ပင်ခြင်း[၁]။

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၂၇။

အလုပ် ကိစ္စတခုခုကိုသော်လည်းကောင်း အာရုံ တခုခုကိုသော်လည်း ကောင်း မဆုံးဖြတ်နိုင်ဘဲ စိတ်ပင်ပန်း၍ နေသောအခါ ပြဿနာရပ်ကို တင်ပြ ဆွေးနွေးခြင်းပင် ဖြစ်၏။

ပညာရှိ သူတော်ကောင်းများ ရဟန်းသံဃာ အရှင်သူမြတ်များနှင့် တွေ့ဆုံကြုံကြိုက်ရသော အခါများ၌ အခါအခွင့်သင့်တိုင်း တရားဓမ္မ ဆွေးနွေး ပြောဆိုရခြင်းသည်လည်း လူတို့၏ ကျင့်ဝတ်တပါးပင် ဖြစ်ပေသည်။

တခါတရံ မိမိသိရှိနားလည်ထားသော အယူဝါဒတရားသဘောသည် မရှင်း မလင်း၍သော်ငြင်း ရှိနေတတ်သည်၊ မှားယွင်း တိမ်းစောင်း၍သော်ငြင်း ရှိနေ တတ်သည်၊ မပြည့်မစုံ ယိုကွက် ဟာကွက်များလည်း ရှိနေတတ်သည်၊ အလွန် အကျွံ အယူသည်းခြင်းမျိုးလည်း ရှိနေတတ်ပေသည်။

ထိုအတူ ဝါဒအတွေးအဆအကြံအစည်တို့သည် မိမိထက်တတ်ကျွမ်းနားလည် သော ပညာရှင် ရဟန်းသံဃာ ဆရာသမားများနှင့်ညှိနှိုင်း ဆွေးနွေး မိသော အခါကျမှသာလျှင် အမှားကင်းပျောက် အမှန်သို့ ရောက်ကြရပေသည်။

ထိုကဲ့သို့ ဓမ္မသာကစ္ဆာ မင်္ဂလာနှင့်အညီ တရားဓမ္မ ဆွေးနွေး ပြောဆိုခြင်း အားဖြင့် အာလဟာသ အချိန်ဖြုန်းသော အတင်းအဖျင်း စကားများကို ပြောမိ ခြင်းဒုစရိုက်မှ ကင်းလွတ်သဖြင့် ကုသိုလ်ရပေသည်၊ သူတော် ချင်းချင်းသတင်း မေးမြန်း ပေါင်းဖက်ခြင်း၏ အကျိုးကို တရားဆွေးနွေး ကြရသဖြင့် ဝမ္မမိတ်ဆွေ တိုးပွါး သိကျွမ်းရခြင်း အကျိုးလည်းရှိသည်သာမက ဘုရားမြတ်စွာ သာသနာ တော်ကို မပျက်မစီးအောင် စောင့်ရှောက်ရာလည်း ရောက်ရကား သာသနာ ပြု ကိစ္စရပ်မျိုးလည်း ဖြစ်ပေသည်။

သို့ဖြစ်၍ မိတ်ဆွေသူငယ်ချင်း အပေါင်းအဖော်များနှင့် တွေ့ဆုံကြရသော အခါ တရားဓမ္မကိုသာ ဆွေးနွေးညှိနှိုင်းကြပါက မကောင်းမှုဒုစရိုက် များလည်း ကင်းလွတ်ပပျောက်၍ ကောင်းသောအကြံအစည် အသိဉာဏ်များ တိုးပွါးပြီးလျှင် စကားမှားယွင်းမှုကြောင့် ဖြစ်ပေါ်တတ်သော ဘေးအန္တရာယ်များမှလည်း ကင်း လွတ်နိုင်ပေသည်၊ အခါကာလအားလျော်စွာ တရားဓမ္မကို တရားသဘောကျကျ

ဆွေးနွေးညှိနှိုင်းကြသဖြင့် ခိုက်ရန်ငြင်းပွါး အချင်းများမှုတို့လည်း ကြေပျောက် ငြိမ်းအေးတတ်ကြပေသည်။

သို့ဖြစ်၍ မကြာခဏ အခွင့်ကောင်းကြုံ အခါကောင်းရတိုင်း အချင်းချင်း တရားဓမ္မ ဆွေးနွေးညှိနှိုင်း ကြရမည်မှာ အရေးပါ အရာရောက်ဆုံးသော ကျင့်ဝတ် မင်္ဂလာတခုပင် ဖြစ်ပေသည်။

၃၁-တပေါ ၈

(ခြိုးခြံစွာကျင့်ရခြင်းသည် မင်္ဂလာရှိ၏။)

ခြိုးခြံစွာ ကျင့်သုံးရခြင်းဟူသည်–

မြင်မှု ကြားမှု စသည်တို့ကိုမှီ၍ဖြစ်သော ဆင်းရဲခြင်းဖြစ်ကြောင်း မကောင်းသော အလိုကြီးမှုကို မဖြစ်ပွါးအောင် ဣန္ဒြေကို စောင့်ထိန်းထားခြင်း အလိုမပြည့်ခြင်းကြောင့် ဖြစ်ပေါ်တတ်သော စိတ်ဆင်းရဲမှု အစရှိသည်တို့ကို မဖြစ်ပွါးအောင် ဣန္ဒြေကို စောင့်ထိန်းထားခြင်း, အရာရာကို ပြီးမြောက်အောင် ပြုလုပ်ဆောင်ရွက်ရာ၌ တားဆီးပိတ်ပင်တတ်သော ပျင်းရိဖင့်နွဲမှုကို ပယ်ဖျက်၍ ပြင်းထန်စွာ ကြိုးပမ်း အားထုတ်ခြင်းတို့ပင်ဖြစ်၏[၁]။

လူတို့၏သဘာဝအလျောက် ကြီးပွါးချမ်းသာ၍ လိုသမျှရနိုင်သော အခြေအနေ ဘုန်းတန်ခိုး အရှိန်အဝါနှင့် ပြည့်စုံလာသောအခါ အစားကျူးခြင်း အသောက်ကျူးခြင်း အအိပ်ကျူးခြင်း ယဇ်မူးမေ့လျော့ ပေါ့ပေါ့တန်တန်နေခြင်းဖြစ်သာကြပေသည်၊ ကာမဂုဏ် လောကီစည်းစိမ်များကိုလည်း အကန့်အသတ်မရှိ ရက်ရက်ရောရော ခံစား စံစားမိတတ်ကြပေသည်။

ထို့ကြောင့်ပင်လည်း အားအင် ကုန်ခန်းလွယ်ခြင်း ပင်ပန်းလွယ်ခြင်း မဖြစ်သင့်သော အနာရောဂါများ ခံစားရခြင်း မတွေ့ကြုံထိုက်သော ဘေးဥပါဒ်

၁။ ခုဒ္ဒကပါဌ အဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၂၈၊

အန္တရာယ်အသွယ်သွယ်တို့နှင့် ရင်ဆိုင်ရခြင်းများ ဖြစ်တတ်ပေသည်၊ ထိုအခါ ကိုယ်၏ ဆင်းရဲခြင်းဒုက္ခ စိတ်၏ဆင်းရဲခြင်းဒုက္ခများကို ခံစားကြရတတ်ပေသည်။

သို့ဖြစ်၍ – စည်းစိမ်ချမ်းသာနှင့်တကွ ဖြစ်လာကြကုန်သော ပုဂ္ဂိုလ်ကြီးများသည် မိမိ၏စိတ်အလိုကို မလိုက်ဘဲ ထိန်းချုပ်စောင့်စည်းခြင်းကို ပြုရပေမည်၊ ခိုးခြံစွာ ကျင့်ကြံတတ်ရပေမည်၊ ယင်းကဲ့သို့ တပေါ စ တည်းဟူသော ခိုးခြံစွာ ကျင့်မှုကို လက်ကိုင်ထားပါမှ မကောင်းမှု ဒုစရိုက်တို့ကို ရှို့ မြှိုက်ဖျက်ဆီးနိုင်ကြပေမည်၊ ကုသိုလ်တိုးပွါး အကျိုးများပေမည်။

မကောင်းမှုကို မဖြစ်အောင် ကိုယ်နှုတ် နှလုံးအားဖြင့် စောင့်စည်းပြီးလျှင် ကောင်းမှု ဖြစ်အောင်လည်း ကြိုးစားမှသာ တပေါစ-ခိုးခြံသောအကျင့် ဖြစ်နိုင်ပေသည်၊ လူ့လောက မျက်မှောက်ဘဝမှာပင်လည်း ဟော့ဟော့ရမ်းရမ်း စားသောက်ဖြုန်းတီးတတ်သူများကို လူအပေါင်းက မနှစ်မြို့တတ်ချေ၊ ကျစ်ကျစ်လစ်လစ် ခြိုးခြိုးခြံခြံ ကျင့်ကြံနေထိုင် စားသောက်တတ်သူများကိုသာ နှစ်သက်ချီးမွမ်းတတ်ကြပေသည်။

ရဟန်းသံဃာများ၌လည်း ခြိုးခြံစွာ ကျင့်ကြံအားထုတ်တတ်သော ပုဂ္ဂိုလ်များကိုသာ ဘုရားရဟန္တာ အရိယာနွယ်ဝင် သူတော်စင်များက ချီးမွမ်းရှိသေတတ်ပေသည်၊ လူအများကလည်း ကြည်ညိုလေးစားတတ်ပေသည်။

ရှုပ်ထွေးပွေလီလှသော လူ့အသုံးအဆောင် အဆောက်အဦများကို စွန့်ပယ်၍ သင်္ကန်းသုံးထည်နှင့်သာ တင်းတိမ် ရောင့်ရဲ၍ သမထဝိပဿနာ ဂန္ထဓုရ ဝိပဿနာဓုရဟိုကို အားထုတ်တော် မူကြကုန်သော သူတော်ကောင်းများ အဘို့မှာမူကား ဤခိုးခြံသော မင်္ဂလာကို နေ့ညမပြတ် ရရှိနေကြပေသည်၊ ကိုးရိမ်ကြောင့်ကြမှု စိတ်ဆင်းရဲမှုများ အလွန်ခေါင်းပါးလှသဖြင့် ချမ်းသာတော် မူကြပေကုန်၏။

၃၂-ဗြဟ္မစရိယဥ္စ

(မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မင်္ဂလာရှိ၏။)

ဗြဟ္မစရိယ-မြတ်သောအကျင့်ကို ကျင့်ခြင်းဟူသည်—

မမြတ်သော မေထုန်အကျင့်ကို ဖယ်ခွါ၍ နေခြင်း။

သတ္တဝါအများတို့အပေါ်၌ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးကို ပွါးများ၍နေခြင်း။

ရုပ်တရား-နာမ်တရားတို့ကို ပိုင်းခြား၍ အမှန်သိအောင် - ဝိပဿနာ တရားကို အားထုတ်ခြင်းတို့ပင် ဖြစ်သည်[၁]။

လူ့ပြည်လောက ဘုံဘဝ၌ တွေ့ကြုံခံစားနေကြရသော ဒုက္ခအပေါင်း၏ အကြောင်းရင်းတို့ကို စစ်ထုတ်လိုက်ပါမူ မေထုန်အကျင့်ယုတ်များ လိုက်စား လွန်ကျူး မိကြ၍ရင်း လောဘ ဒေါသ မောဟတည်းဟူသော ခြောက်ခန်း ပူလောင်သောတရား အမိုက်အမှောင်တရားများ နောက်သို့ လိုက်မှားမိကြ၍ရင်း ဖြစ်ပေသည်ဟု ပညာရှိ သူတော်ကောင်းများက မိန့်မြွက်ဟောကြားခဲ့လေသည်။ ထိုတရားယုတ်များကို အချုပ်အားဖြင့် အဗြဟ္မစရိယတရားများဟု ခေါ်ရ ပေသည်။

ထို့ကြောင့် ဘုရား ရဟန္တာ အရိယာ သူတော်ကောင်းများနှင့် တကွသော အေးငြိမ်းချမ်းသာမှုကို လိုလားတောင့်တကြသူ လူပုထုဇဉ်များတို့သည် ဗြဟ္မ စရိယအကျင့်ကို အထူးတလည် အရေးပေး၍ ကျင့်ကြံအားထုတ်ကြလေသည်။

ဗြဟ္မစရိယအကျင့်ဆိုသည်မှာ—

(၁) မေထုန်ခုနစ်မျိုးမှ ကြည်ရှောင်၍ မြတ်သောအကျင့်ကို ကျင့်ခြင်း ရင်း,

---

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၂၈။

(၂) မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တည်းဟူသော မြတ်သော ဗြဟ္မဝိဟာရတရား လေးပါးကို ကျင့်ခြင်းရင်း၊ နှစ်ပါး အပြား ရှိပေသည်။

ယင်းကဲ့သို့ ဗြဟ္မစရိယအကျင့်ကို ကျင့်ကြံသဖြင့် ညစ်ညူးသော ကိလေသာ တဏှာပေမတို့မှ လွယ်လင့်တကူ ကျွတ်လွတ် ထမြောက်နိုင်ပေသည်။ ဈာန် သမာပတ် အဘိညာဉ်မှစ၍ မဂ်တရား ဖိုလ်တရားကိုလည်း ရလွယ်ရောက်လွယ် မျက်မှောက်ပြုလွယ်မည် ဖြစ်ပေသည်။

ဗြဟ္မစရိယ အကျင့်ရှိသော သူသည် မိမိအတွက်ကြောင့်ဖြစ်စေ သူတပါး အတွက်ကြောင့်ဖြစ်စေ သော ဗျာပါဒများ ခေါင်းပါးသဖြင့် ချမ်းသာကြ ပေသည်၊ အချိန်ကာလသည်၊ အလဟဿမကုန်တော့ဘဲ တရားမှအားထုတ် ရန် အခွင့်ကောင်း အခါကောင်းများကို များစွာရရှိနိုင်ပေသည်၊

သို့ဖြစ်၍ ဝဋ္ဋဒုက္ခ သံသရာမှ ထွက်မြောက်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုလိုသူတိုင်းသည် ဗြဟ္မစရိယအကျင့်ကို မုချ ကျင့်ကြံအားထုတ်ရလေသည်။

၃၃-အရိယသစ္စာနဒဿန်

(အရိယသစ္စာတရား လေးပါးတို့ကို သိမြင်ခြင်းသည် မင်္ဂလာရှိ၏။)

အရိယသစ္စာတို့ကို သိမြင်ခြင်းဟူသည်—

ဆင်းရဲခြင်းအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏အကြောင်းမှန် ဖြစ်သော သမုဒယသစ္စာ၊ ငြိမ်းအေးခြင်း အမှန်ဖြစ်သော နိရောဓသစ္စာ၊ ငြိမ်းအေးခြင်း၏ အကြောင်းအမှန်ဖြစ်သော မဂ္ဂသစ္စာတို့ကို မဂ်ဉာဏ်ဖြင့် ပိုင်းခြား၍ သိခြင်း ပယ်ခြင်း မျက်မှောက်ပြုခြင်း ပွါးများခြင်းဖြင့် ထိုးထွင်း၍ သိခြင်းပင်ဖြစ်သည်။

အချုပ်အားဖြင့် မဂ်ဉာဏ်ကို ရခြင်းသည်ပင် အရိယသစ္စာန ဒဿန် မင်္ဂလာမည်၏¹။

၁။ သုတ္တနိပါတ်အဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၂၈။

ဝဋ္ဋဒုက္ခသံသရာ၌ အဖန်ဖန် အခါခါ ကျင်လည်ပြေးလွှား နေကြရသော သတ္တဝါတို့သည် မွေးဖွားရခြင်း အိုမင်းရခြင်း ဖျားနာခြင်း သေခြင်းမှစ၍ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရခြင်း ငိုကြွေးပူဆွေးရခြင်းတည်းဟူသော ဆင်းရဲမျိုးစုံကို ခံစားနေကြရပေသည်၊ ထိုဆင်းရဲခြင်း ဒုက္ခအပေါင်း၏ အကြောင်းရင်းကို စိစစ်လိုက်ပါမူ တွယ်တာတပ်မက်ခြင်းတည်းဟူသော တဏှာကြောင့် ဖြစ်ပေသည်ဟုရင်း၊ ထိုတဏှာလောဘသည်လည်း သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် ဟုတ်တိုင်းမှန်စွာ မသိမြင်ခဲ့ကြခြင်း အဝိဇ္ဇာကြောင့် ဖြစ်ရသည်ဟူ၍ရင်း တွေ့ရှိလာနိုင်ပေသည်။

ထိုကြောင့် မြတ်စွာဘုရားသခင်က သတ္တဝါတို့သည် အဝိဇ္ဇာနှင့် တဏှာ အရင်းခံကြောင့် ဝဋ္ဋဒုက္ခသံသရာ၌ ကျင်လည်ပြေးလွှား ရှိရှားပင်ပန်း မချမ်းမသာ ဖြစ်ကြရကုန်၏ဟူ၍ ဟောတော်မူခဲ့လေသည်။

ယခု မျက်မှောက်ဘဝ၌ပင် တွေ့ကြုံခံစားနေရသမျှသော အခက်အခဲ ဆင်းရဲဒုက္ခဟူသမျှသည် မိမိ၏ မသိနားမလည်မှု မလိမ္မာ မကျွမ်းကျင်မှုတည်းဟူသော အဝိဇ္ဇာကြောင့် ဖြစ်ရသည်ချည်းပင်ဖြစ်ကြောင်း ဆင်ခြင်သုံးသပ်မိတိုင်း တွေ့ရှိနိုင်ပေသည်။

လူ့လောက၏ ကာမဂုဏ်စည်းစိမ်ကို မြတ်သည်မြဲသည်ဟု ထင်မှတ်မှားခြင်း၊ ဆင်းရဲကိုပင် သုခချမ်းသာဟု ထင်မှတ်မှားခြင်း၊ နိဗ္ဗာန်ချမ်းသာသည်သာလျှင် ကေန်စင်စစ် အေးငြိမ်းခြင်းဖြစ်၏ဟူသည်ကို မသိနားမလည်ခြင်း၊ ထိုနိဗ္ဗာန်သို့ ရောက်အောင် မျက်မှောက်ပြုနိုင်သော မဂ္ဂင်ရှစ်ပါးအကျင့်တရားများ ရှိသည်ကိုလည်း မသိနားမလည်ခြင်း၊ အချုပ်အားဖြင့် ဆိုသော် သစ္စာလေးပါး အမှန်တရားကို မသိနားမလည်ခြင်းတို့ကြောင့် ဒုက္ခပင်လယ် ဝေနေကြရချေသည်။....

သို့ဖြစ်၍ အရိယာသူတော်စင်တို့သည် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ကြသဖြင့် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ကြမှသာလျှင် ချမ်းသာအေးငြိမ်းရာကို ရနိုင်မည်ဟု ဟောပြခဲ့ကြလေသည်၊ ၎င်းတို့ကိုယ်တိုင်ကလည်း အရိယသစ္စာတို့ကို တွေ့မြင်အောင် အားထုတ်ခဲ့ကြသဖြင့် တွေ့မြင်

သိနားလည်ကြပြီး ဖြစ်ရကား လူ့ဘဝ၏ အကောင်းဆုံး မင်္ဂလာများအနက် လောကုတ္တရာမင်္ဂလာစစ်စစ်ကို ရရှိကြပြီးဖြစ်လေသည်။

ယင်းကဲ့သို့ အရိယသစ္စာတို့ကို သိမြင်ရခြင်းမင်္ဂလာသည်ကား လောကီမင်္ဂလာအပေါင်းတို့ထက် သိန်းသောင်းမက အဘိုးထိုက်တန် မွန်မြတ်လှသော မင်္ဂလာတရားပင် ဖြစ်ပေသတည်း။

၃၄-နိဗ္ဗာနသစ္ဆိကိရိယာ စ

(နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မင်္ဂလာရှိ၏။)

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း ဟူသည်–

ရဟန္တာ ပုဂ္ဂိုလ်မြတ်တို့၏ အရဟတ္တဖိုလ်ကို ဝင်စား၍ နေခြင်းနှင့် အရဟတ္တဖိုလ်ကို ဆင်ခြင်၍ နေခြင်းပင် ဖြစ်၏။ ၁

လောကီရေးရာ အဖြာဖြာတွင် မင်္ဂလာရရှိပြီး ချမ်းသာသုခနှင့် ပြည့်စုံလျက်ရှိကြသော်လည်း အကယ်စင်စစ်အားဖြင့် လူ့တာဝန် လူ့ဝတ္တရားသည် ဆုံးခန်းတိုင်ရောက်ပြီဟု မဆိုနိုင်သေးချေ၊ အိုရခြင်းဒုက္ခ သေရခြင်းဒုက္ခတို့မှ မည်သူမျှမလွတ်ကင်းနိုင်သေးချေ။

ဤခန္ဓာငါးပါး ရုပ်နာမ်ဘရားအစုကြီး ရှိနေသေးသမျှ ကာလပတ်လုံး ရုပ်နာမ်ခန္ဓာနှင့် ပတ်သက်သမျှသော ဒုက္ခအင်းရဲအပေါင်းမှ မလွတ်မြောက်နိုင်သေးချေ၊ ဤခန္ဓာဝန်ထုပ်ဝန်ပိုးကြီးကို ရွက်ဆောင်နေရခြင်း ငရဲမှမလွတ်ကင်းနိုင်သေးချေ၊ အတိတ်ကပြုခဲ့သမျှ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးအပြစ်ကို စံရ ခံရမှုလည်း မလွဲ မရှောင်နိုင်ကြသေးချေ။

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၂၉။

သို့ဖြစ်၍ ခန္ဓာရုပ်နာမ် အပေါင်းအစု၏ ချုပ်ငြိမ်းရာ အို နာ သေရေး ဒုက္ခဘေးအပေါင်းတို့၏ ကုန်ရာ ခန်းရာဖြစ်သော သန္တိသုခကို ရရှိနိုင်ရန် လိုအပ်ပေသည်။

အရိယာသူတော်စင်တို့သည် ထိုသန္တိသုခမျိုးကို ရရှိနိုင်ရန်အတွက် အားသွန်ကြိုးပမ်းတော်မူခဲ့ကြသဖြင့် ဤပစ္စက္ခမျက်မှောက်ဘဝ၌ပင်လည်း ယင်းသန္တိသုခ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုတော်မူနိုင်ခဲ့ကြပေသည်၊ ဤခန္ဓာရုပ်နာမ် ကြွင်းကျန်နေသေးသော်လည်း ဤဘဝသည် အန္တိမနောက်ဆုံးဘဝ ဖြစ်ရကား သဉပါဒိသေသနိဗ္ဗာနဓာတ်ကို မျက်မှောက် ပြုနိုင်ကြပြီ ဖြစ်ပေသည်။

ပရိနိဗ္ဗာန်ပြုကြပြီး နောက်အဘို့၌မူကား ခန္ဓာရုပ်နာမ် ကြွင်းကျန် မရှိပကတိ ချမ်းငြိမ်းသော သန္တိသုခနိဗ္ဗာနကို မျက်မှောက်ပြုနိုင်ကြလေသည်၊ ယင်းသဘောကို အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုရပေသည်။

ဤသို့လျှင် တဏှာရာဂ အကြွင်း မရှိတော့သဖြင့် ဒုက္ခဆင်းရဲ ဟူသမျှတို့မှ ကင်းလွတ်ထွက်မြောက်ရာ ဖြစ်သော နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုနိုင်ကြရခြင်းသည် လူ့အခွင့်အရေး မင်္ဂလာ အပေါင်းတို့တွင် အထွတ်ဆုံးအမြတ်ဆုံး မင်္ဂလာဖြစ်ကြောင်းကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် တကွသော အရိယာသူတော်ကောင်းတို့က ဟောပြော ညွှန်ပြတော်မူခဲ့ပေသတည်း။

၃၅-ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ

လောကဓံတရားရှစ်ပါးတို့နှင့် တွေ့ကြုံရသော ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် မတုန်လှုပ်တော့ချေ၊ ဤသည်ပင် မင်္ဂလာဖြစ်တော့သည်။

ရဟန္တာပုဂ္ဂိုလ်မြတ်တို့၏စိတ် မတုန်လှုပ်ခြင်းဟူသည် ချမ်းသာ ဆင်းရဲ အကောင်းအဆိုး အာရုံအမျိုးမျိုးနှင့် တွေ့သော်လည်း တပ်မက်ခြင်း အမျက်ထွက်ခြင်းသို့ မယိမ်းမယိုင် မြဲခိုင်သော စိတ်ရှိခြင်းပင် ဖြစ်၏၊ ဤကား လောကုတ္တရာ မင်္ဂလာဖြစ်၏[၁]။

၁။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၂၉။

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ပုဂ္ဂိုလ်တဦးတယောက်သည် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သောအဆင့်သို့ ရောက်သောအခါကျမှသာလျှင် လူ့ဝတ္တရား လူ့ကျင့်ဝတ်၏ ပြည့်စုံပြီးမြောက် ခရီးဆုံးပန်းတိုင်သို့ ရောက်ခဲ့လေပြီဟု ဆိုအပ်လှပေသည်။

ယင်းကဲ့သို့သော တာဝန်ကုန်ဆုံး လူ့ဘဝနိဂုံးသပ်သူများကို အရိယာသူတော်စင် ရဟန္တာသခင်များဟု ခေါ်ဆိုထိုက်လှပေသည်၊ ထိုရဟန္တာပုဂ္ဂိုလ်ကြီးများသည် ကျွန်ုပ်တို့ လူ့လောကဘုံတခွင်ဝယ် မတွေ့ချင်လည်းတွေ့ရ မမြင်ချင်လည်း မြင်ရ၊ မကြားချင်လည်း ကြားနေကြရသော လောကဓံတရား ရှစ်ပါးနှင့် မလွဲမရှောင်သာ တွေ့ဆုံမြင်ကြားနေကြသည်ချည်းပင် ဖြစ်ပေသည်။

သို့ပါသော်လည်း လာဘ်သပ္ပကာရ ရှိခြင်းကြောင့်ရင်း အခြံအရံပေါများစွာ ရရှိခြင်းကြောင့်ရင်း သူတပါးတို့၏ ချီးမွမ်းထောမနာခံရခြင်းကြောင့်ရင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခကို ရရှိခြင်းကြောင့်ရင်း၊ သာမန်ပုထုဇဉ်တို့၏ စိတ်သည် တုန်လှုပ်ခြောက်ခြား ဖောက်ပြားပျက်စီးတတ်ပေသည်၊ ရဟန္တာတို့၏ စိတ်မှာမူကား အဆိုပါ လောကဓံအကောင်း တရားလေးပါးကြောင့် ဖောက်ပြန်လှုပ်ရှားခြင်းမရှိ ပကတိ တည်ငြိမ်လှပေသည်။

ထိုနည်းတူစွာပင် လာဘ်သပ္ပကာရ မရရှိခြင်းကြောင့်ရင်း၊ တကိုယ်တည်း ပျင်းရိရွံမုန်းဘွယ်ရာဖြစ်၍ နောက်လိုက် နောက်ပါ မရှိခြင်းကြောင့်ရင်း၊ သူတပါးတို့၏ ကဲ့ရဲ့သဂြိုဟ်အပြစ်ဆိုခြင်းကို ခံရခြင်းကြောင့်ရင်း၊ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲမှုကြောင့်ရင်း၊ သာမန်ပုထုဇဉ်တို့မှာ ဆောက်တည်ရာမရ တုန်လှုပ်ခြောက်ခြား ပြေးလွှားဖောက်ပြန် တတ်ပေသည်၊ ရဟန္တာတို့၏ စိတ်မှာမူကား အဆိုပါ လောကဓံဆိုးတရား လေးမျိုးကြောင့်လည်း ဖောက်ပြန်လှုပ်ရှားမှု မရှိ ပကတိ တည်ငြိမ်လှပေသည်၊

ယင်းကဲ့သို့ တုန်လှုပ်ဖောက်ပြန်ခြင်းမရှိဘဲ လောကဓံတရား ရှစ်ပါးကို ကြံ့ကြံ့ခံနိုင်ရည် ရှိသော ရဟန္တာတို့၏ စိတ်သည်လည်း မင်္ဂလာမြတ်ကြီး တပါး ပါပေတည်း။

၃၆-ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ အသောကံ

လောကဓံတရားရှစ်ပါးတို့နှင့်တွေ့ကြုံရသော ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် စိုးရိမ်ကြောင့်ကြမှု မရှိချေ၊ ဤသည်ပင် မင်္ဂလာဖြစ်တော့၏။

လာဘ်မရှိခြင်း အခြံအရံနည်းခြင်း ကဲ့ရဲ့ခံရခြင်း ဆင်းရဲရခြင်းစသော အာရုံဆိုးအမျိုးမျိုးနှင့်တွေ့သော်လည်း စိုးရိမ်ကြောင့်ကြမှုမရှိခြင်းသည် လောကုတ္တရာ မင်္ဂလာမည်လေသည်။[၁]

ထို့အတူပင် လောကဓံတရားရှစ်ပါးနှင့် တွေ့ဆုံ ကြုံကြိုက်ကြသောအခါ ပုထုဇဉ်တို့၏ စိတ်သည် စိုးရိမ်ကြောင့်ကြ သောကမကင်း ပူဆွေးခြင်း ဖြစ်ကြရ ပေသည်၊ မကောင်းသော လောကဓံလေးပါးကြောင့် စိုးရိမ်သောက ဖြစ်ကြ ရသည်၊ကောင်းသော လောကဓံ လေးပါးကို မိမိလက်မှ မလွတ်သွားရအောင် မပျက်မစီးသွားရအောင် ဟူ၍ ကြောင့်ကြဗျာပါဒစိုက်ရသဖြင့် သောကမကင်း ဖြစ်ကြရပြန်သည်။

သို့သော် ရဟန္တာတို့၏ စိတ်မှာမူကား လောကဓံတရားရှစ်ပါးနှင့် တွေ့ဆုံ ကြုံကြိုက် ပါသော်ငြားလည်း စိုးရိမ်ကြောင့်ကြ ဗျာပါဒမရှိ၊ ပကတိ တည်ငြိမ် တော်မူပေသည်၊ ဤကဲ့သို့ သောကကင်းဝေး နေထိုင်နိုင်ရေးသည်လည်း မင်္ဂလာ မြတ်ကြီး တပါးပါပေတည်း။

၃၇- ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ ဝိရဇံ

လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံရသော ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ကိလေသာမြူကင်းစင်၏၊ ဤကား မင်္ဂလာဖြစ်တော့၏။

ကောင်းဆိုး နှစ်တန် လောကဓံ အာရုံ အမျိုးမျိုးနှင့် တွေ့ကြုံရသော်လည်း တပ်မက်ခြင်း အမျက်ထွက်ခြင်း တွေဝေခြင်းဟူသော ကိလေသာမြူ မရှိခြင်း ဖြစ်၏၊ ဤသည်ကား လောကုတ္တရာမင်္ဂလာပင် ဖြစ်ပေတော့သည်[၂]။

၁။ ခုဒ္ဒကပါဠအဋ္ဌကထာ မင်္ဂလသုတ္တ၊ နှာ ၁၃၀။
၂။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၃၀။

ထိုနောက် လောကဓံတရား ရှစ်ပါးနှင့် တွေ့ဆုံကြုံကြိုက်ကြရသောအခါ လူပုထုဇဉ် ပုဂ္ဂိုလ်မှန်သမျှ၏ စိတ်သည် ကိလေသာ ရှုတ်ထွေးသဖြင့် မအေးနိုင် မငြိမ်းနိုင် ဖြစ်ကြရပေသည်၊ ကိလေသာတည်းဟူသော မှုံအညစ်အကြေးတို့ ဖြင့် ရစ်ပတ်လိပ်ခွေ၍ နေကြရပေသည်။

သို့သော် ရဟန္တာတို့၏ စိတ်မှာမူကား ကိလေသာမှု ကင်းစင်တော်မူကြ ကုန်ပြီး ဖြစ်ရကား လောကဓံ တရားကြောင့် ထပ်မံညစ်ညူးရန် မရှိတော့ချေ၊ ရမ္မက်ဟူသော တွယ်တာကပ်ငြိမှုလည်း မရှိတော့ချေ၊ လောကဓံတရားရှစ်ပါးတို့ နှင့် တွေ့ဆုံရငြားသော်လည်း တွယ်တာကပ်ငြိမှု ကိလေသာမှု အညစ်အကြေး မရှိတော့သော ရဟန္တာပုဂ္ဂိုလ်၏ ပကတိ ဖြူစင်သော စိတ်သည် မင်္ဂလာမြတ်ကြီး တပါးပင် ဖြစ်ပေ၏။

၃၇· ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ ခေမံ

လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံရသော ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် အေးငြိမ်း၏၊ ဤသည်ကား မင်္ဂလာပင်ဖြစ်တော့၏။

ခေမံ – ဆိုသည်မှာ

ကောင်းဆိုးနှစ်တန် လောကဓံ အာရုံအပြီးပြီးနှင့် တွေ့ကြုံ သော်လည်း တပ်မက်ခြင်းဘေး အမြင်မှားခြင်းဘေး တွေဝေခြင်းဘေးတို့မှ ကင်းဝေးစွာ နေနိုင်ခြင်း ကာမ ဘဝ ဒိဋ္ဌိ အဝိဇ္ဇာတည်းဟူသော ယောဂတို့မှ အေးငြိမ်း ခြင်း ဘေးအားလုံးတို့ကုန်ဆုံး၍ အေးငြိမ်းစွာနေနိုင်ခြင်းပင် ဖြစ်သည်၊ ဤသည် ကား သုံးဆယ့် ရှစ်ခုမြောက် လောကုတ္တရာ မင်္ဂလာပင် ဖြစ်တော့သည်။[၁]

ဆိုးသော လောကဓံတရား လေးပါးနှင့် တွေ့ကြုံကြရလျှင် လူသတ္တဝါ တို့မှာ အေးကွက်မထင် ပူပင်ကြရလေသည်၊ ကောင်းသော လောကဓံ

၁။ ခုဒ္ဒကပါဌ အဋ္ဌကထာ၊ မင်္ဂလသုတ္တ၊ နှာ ၁၂၉-၁၃၀။

တရားလေးပါးနှင့် တွေ့ကြသောအခါ၌လည်း အေးငြိမ်းသာယာမှုမရှိ ပူပင်ကြရပြန်လေသည်၊ ဘေးမကင်းသောကြောင့် ဆင်းရဲဒုက္ခ ဖြစ်ကြရကုန်၏။

ရဟန္တာတို့၏ စိတ်၌မူကား မည်သည့်ဘေး ဥပါဒ်အန္တရာယ်ကြောင့်ပင် ဖြစ်စေ ကြောက်ရွံ့ထိတ်လန့်မှု မရှိတော့ပြီဖြစ်ရကား ခေမမည်သော ဘေးမျိုးကင်းကွာသည့် မင်္ဂလာထူးကိုရရှိပေသည်၊ ယင်းကဲ့သို့ ကြောက်စိတ်လန့်စိတ် ကင်း၍ ဖြစ်သဖြင့် ကြောက်လန့်ဘွယ်ဘေးဟူ၍ တစုံတရာ မရှိတော့သော ရဟန္တာ၏ စိတ်ဓာတ်သည် မင်္ဂလာထူး မင်္ဂလာမြတ်ကြီးတပါး ဖြစ်ပေတော့သည်။

အထက်ဖော်ပြပါ မင်္ဂလာတရား (၃၈–ပါး) တို့ကို ပြုလုပ် ဖြည့်ဆည်းကြပါလျှင် ရန်သူအားလုံးတို့တွင် မည်သည့်ရန်သူမျှ မိမိအား အနိုင်အထက် နှိပ်စက်ညှဉ်းဆဲခြင်း မပြုနိုင်တော့ပြီ၊ မိမိကသာ အောင်မြင် နိုင်နင်း၍ နေရာတကာ ဌာနမရွေး မြို့ရွာဇနပုဒ်မှ စ၍ အားလုံးသော အရပ်တို့၌ လောကီ လောကုတ္တရာ နှစ်ဖြာသော ချမ်းသာခြင်းသို့ ရောက်ရပေသည်။

ထိုမင်္ဂလာ ရှိသူတို့၏ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတို့သည် ကောင်းမြတ်လှစွာသော မင်္ဂလာအစစ် မင်္ဂလာ အမှန်ပင် ဖြစ်ပေတော့သတည်း။

နိဂုံးချုပ်

တောဒိသာနိ ကတွာနစသော နိဂုံချုပ် ဂါထာအရ–

ဤ မင်္ဂလာသုတ်တော်လာ မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးတွင် တပါးကို ဖြစ်စေ အားလုံးကို ကုန်အောင်ပင်ဖြစ်စေ ဖြည့်ကျင့်အားထုတ်ရသော အကျိုး များမှာ အလွန်ကြီးမား များပြားလှပေသည်။

ဤ ပစ္စုပ္ပန် မျက်မှောက် ဘဝလောက၌ပင် မီးဘေး မင်းဘေး ရေဘေး ခိုးသူဘေး မချစ်မနှစ်သက်သော သူတို့၏ ဘေးရန်အန္တရာယ် အပေါင်းမှ ကင်း လွတ်ချမ်းသာ နိုင်ပေသည်။

ထိုရန်သူမျိုးငါးပါး၏ ဘေးအန္တရာယ်ကို မင်္ဂလာတရား ပြည့်စုံသော သူက အောင်မြင်နိုင်ပေသည်။

လောကုတ္တရာ နယ်ပယ်တွင်မူ ထိုမင်္ဂလာရှိသော ပုဂ္ဂိုလ်ကို ခန္ဓမာရ် ကိလေ သမာရ် အဘိသင်္ခါရမာရ် ဒေဝပုတ္တမာရ် မစ္စုမာရ် တည်းဟူသော ရန်မာန် အပေါင်းတို့က မနှိပ်စက်နိုင်တော့ချေ၊ မာရ်ငါးပါး ရန်သူအများကို မိမိက အောင်မြင်ခဲ့လေပြီ ဖြစ်၏။

ထို့ပြင်မင်္ဂလာ ရှိသောသူသည် ဤ ယခု မျက်မှောက် ဘဝမှာပင် ဖြစ်စေ နောင်တမလွန် ဘဝမှာပင်ဖြစ်စေ လျှောင်းနေစဉ် ထိုင်နေစဉ် ရပ်နေစဉ် သွား လာနေစဉ် အခါများ၌ဖြစ်စေ ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်း တို့ကို အပြည့်အဝ ရရှိနိုင်သည် ဖြစ်ပါသတည်း။

မင်္ဂလာရှိတော်မူကြပါစေသတည်း။

သုတေသနဌာနခွဲ၊
သာသနာရေးဦးစီး ဌာန၊
ရန်ကုန်မြို့။

မှတ်သားဖွယ် အက္ခရာစဉ်

အက္ခရာစဉ်	စာမျက်နှာ
[အ]	
အကြားအမြင်များခြင်း	၁၉
အကွပ်မရှိသော ကြမ်းပမာ ပရမ်း ပတာ ဖြစ်တတ်သည်	၂၂
အစီးအပွါးအလို့ငှါ	၃
အတုမြင်အတတ်သင်	၅၁
အတတ်ပညာ တတ်ခြင်းမင်္ဂလာ	၂၀
အတ္တသမ္မာပဏိဓိစက်	၁၈၊၁၉
အဋ္ဌာရသ တဆယ့်ရှစ်ရပ်သော သိပ္ပံအတတ်များ	၂၁
အထွတ်အမြတ်ဆုံးမင်္ဂလာ	၅၉
အနာကုလာစကမ္မန္တာ	၂၈၊၂၉
အနုပါဒိသေသ နိဗ္ဗာန်	၅၉
အပ္ပမာဒ	၃၈
အပြစ်မရှိသောအလုပ်	၃၃
အဗြဟ္မစရိယတရားများ	၅၅
အရဟတ္တဖိုလ်	၁၇၊၅၈
အရိယသစ္စာ	၅၆
အလှူရေစက်လက်နှင့်မကွာ	၃၀
အသောက်	၆၁
အာရတိ(ပါပါ)	၃၄
[အ]	
အာဝါသ သပ္ပါယ	၄၈
အိမ်တွင်းပညာရပ်များ	၁၁၊၁၃
အေးငြိမ်း၏	၆၂၊၆၃
[ဥ]	
ဥတုသပ္ပါယ	၄၈
ဧတာဒိသာနိကတွာန	၆၄
[က]	
ကတညုတာ	၄၃
ကနဦးမင်္ဂလာတရား	၁၂
ကိလေသာမှုကင်းစင်၏	၆၁
ကိုယ်ကကောင်းလျှင် ခေါင်း ဘယ်မှုမရွှေ့	၁၈
ကိုယ့်ကိုယ်ကိုကိုး တောင်နှယ်ကိုး	၁၈
ကိုယ်ကျင့်ဝိနည်းတရားများ	၂၂
ကိုယ်တွေ့ဗဟုသုတ	၂၀
ကောင်းသော လောကဓံတရား လေးပါး	၆၀၊၆၂၊၆၃
ကျေးဇူးတရားကို သိတတ်ခြင်း	၄၃

အက္ခရာစဉ် စာမျက်နှာ

[ခ]

ခန္တီ ၄၆
ခန္တီပါရမီ ၄၇
ခေမ ၆၂၊၆၃
ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကျိုးသောနွားများ ၄၀
ခြိုးခြံစွာကျင့်ရခြင်း ၅၃

[ဂ]

ဂါရဝေါစ ၃၉

[င]

ငါ့လှေ ငါစီး ဘယ်ခရီး ရောက်ရောက် ငါ့ထီးငါထမ်း ဘယ်စခန်း ရောက်ရောက် ၄၀

[စ]

စီးပွါးချမ်းသာခြင်း၏ အကြောင်း ဖြစ်သော ၃၊၄
စိုးရိမ်ကြောင့်ကြမှုမရှိ ၆၁

[ဆ]

ဆယ့်တစ်ခုမြောက် ကျင့်ဝတ် မင်္ဂလာ ၂၆
ဆိုးသောလောကဓံတရား လေးပါး ၆၀၊၆၂
ဆုံးမစကားကို နာခံတတ်ခြင်း ၄၇
ဆွေခုနစ်စဉ် မျိုးခုနစ်ဆက် ၃၂

အက္ခရာစဉ် စာမျက်နှာ

[ဆ]

ဆွေမျိုးသားခြင်းတို့အား ထောက်ပံ့ခြင်း ၃၂

[ဇ]

ဇနီးမယား ၂၆၊၂၇၊၂၈

[ဈ]

ဈာန်သမာပတ်အဘိညာဉ် ၅၆

[ဉ]

ဉာတကာ ၃၂

[တ]

တဆယ့်နှစ်နှစ်တိုကာလပတ်လုံး ၃-၄
တံငါနှင့်နီးလျှင်တံငါ မုဆိုးနှင့် နီးလျှင် မုဆိုး ၁၂
တပေါစ ၅၃
တရားကြားနာရခြင်းမင်္ဂလာ ၄၄
တရားဆွေးနွေးခြင်းမင်္ဂလာ ၅၁
တရားနှင့်အညီ ကျင့်ကြံခြင်း မင်္ဂလာ ၃၁
တရွာမပြောင်း သူကောင်းမဖြစ် ၁၆

[ထ]

ထုံထိုင်း မှုံယစ်မေ့လျော့ခြင်း ၃၆
ဒါန ၂၈၊၃၀
ဒါနပါရမီ ၃၁
ဒါရ မယားသယ်မျိုး ၂၆

အက္ခရာစဉ်	စာမျက်နှာ
[ဒ]	
ဒုက္ခသစ္စာ	၅၆
ဒေသန္တရ ဗဟုသုတ	၂၀
[ဓ]	
ဓမ္မစရိယာ	၃၁၊၃၂
ဓမ္မဿဝနံ	၄၄
ဓမ္မသာကစ္ဆာ	၅၁၊၅၂၊၅၃
[န]	
န ကမ္ပတိ	၅၉
နိဂုံးချုပ်	၆၄
နိဒါန်း	၁၊၃၊၇
နိဗ္ဗာန်	၅၈၊၅၉
နိရောဓသစ္စာ	၅၆
နိဝါတော စ	၄၀
နှစ်ဆယ့်တခုမြောက်မင်္ဂလာ	၃၉
[ပ]	
ပညာရှိ	၁၂၊၁၃
ပဋိပတ္တိဓမ္မ	၁၁
ပဋိဝေဓဓမ္မ	၁၁
ပဏ္ဍိတ- ပညာရှိ	၁၂
ပတိရူပဒေသ	၁၅
ပတိရူပဒေသဝါသစက်	၁၆၊၁၉
ပရိယတ္တိဓမ္မ	၁၁
ပရိသတ်လေးပါး(ရဟန်း,ရဟန်းမ, ဥပါသကာ,ဥပါသိကာမ)	၁၅

အက္ခရာစဉ်	စာမျက်နှာ
[ပ]	
ပုဂ္ဂလသပ္ပါယ	၄၈
ပုတ္တ- သားသမီး	၂၆
ပုတ္တဒါရဿသင်္ဂဟမင်္ဂလာ	၂၆
ပုဗ္ဗေစ ကတပုညတာစက်	၁၇၊၁၉
ပူဇော်ထိုက်သူများ လောကရေး ဓမ္မရေး	၁၄
ပေးဝေနှီးရင်း ထိမ်း မြားခြင်း	၂၇
ပေါင်းသင်းဆက်ဆံရေး	၃၀
[ဖ]	
ဖုဋ္ဌဿ လောကဓမ္မေဟိ	၂၊ ၆၁ ၆၂၊၅၉
[ဗ]	
ဗဟုသုတပေါများပြည့်ဝခြင်း	၂၀
ဗာလ-လူမိုက်	၁၁
ဗူးကောင်းလိုလျှင် စင်ခံ	၁၆
ဗိုင်းကောင်းကျောက်ဖိ	၂၃၊၄၁
ဗြဟ္မစရိယ	၅၅၊၅၆
[ဘ]	
ဘုရားပြီးလျှင် ငြမ်းဖျက် သဘောမျိုး	၃၃
ဘောဇနသပ္ပါယ	၄၈
ဘယ်သူတရားပျက်ပျက် မိမိက တရားမပျက်	၃၂

အက္ခရာစဉ် စာမျက်နှာ

[ဘ]

ဘိုးဘွားရိပ်သာ ၂၆

[မ]

မတုန်လှုပ် ၅၉
မမေ့မလျော့ခြင်း မင်္ဂလာ ၃၈
မာန ၃၉၊၄၀၊၄၁၊၄၈၊၄၉
မာရ်ငါးပါး ၆၄
မိခင် ဖခင် လက်ဦးဆရာ (ပုဗ္ဗာစရိယ မိနှင့်ဖ) ၁၁၊၁၃
မိဘ ၁၃၊၁၄၊၁၆၊၂၁၊၂၃၊၂၄၊၂၅၊ ၂၆၊၂၇
မိဘတို့ကို လုပ်ကျွေးမွေးမြူ ရခြင်း မင်္ဂလာ ၂၅၊၂၆
မိမိက တရားမစောင့်လျှင် လက်အောက်ငယ်သား အပေါင်းအဖော်များ ပျက်စီးဆုံးရှုံး၏ ၃၁
မိမိကိုယ်ကို နှိမ်ချတတ်ခြင်း ၄၀
မိမိဘဝ အဖြစ်အမှန်ကို မမေ့ကြရန် ၃၈
မေတ္တာတရား ၄၇
မဂ္ဂသစ္စာ ၅၆
မဂ်တရား ဖိုလ်တရား ၄၉၊၅၆
မင်္ဂ- (ပါဠိ) ၈
မင်္ဂလသုတ္တပါဠိ ၁
မင်္ဂလသုတ်မြန်မာပြန် ၃
မင်္ဂလာ အမင်္ဂလာ ၈၊၉

အက္ခရာစဉ် စာမျက်နှာ

[မ]

မင်္ဂလာအကျိုး ၂၆
မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး ၁၊၃၊ ၄၊၆၊၇၊၈၊၉၊၁၀၊၆၃၊၆၄
မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး အဖွင့် ၁၁
မျိုးချစ်ပုဂ္ဂိုလ်ကြီး ၃၃
မြတ်သောအကျင့် ၅၅

[ယ]

ယံ မင်္ဂလံ ဒွါဒသဟိ ၁
ယောဂ (ကာမ ဘဝ ဒိဋ္ဌိ အဝိဇ္ဇာ) ၆၂

[ရ]

ရလေ လိုလေ အိုတစ္ဆေ ၄၁
ရဟန်းဆိုင်ရာ အတတ်ပညာများ ၂၁
ရဟန္တာတို့၏စိတ် ၅၉၊၆၀၊၆၁၊၆၂၊၆၃
ရဟန္တာပုဂ္ဂိုလ် ၅၈၊၅၉၊၆၀၊၆၁၊၆၂ ၆၃
ရဟန်းသာမဏေတို့အား ဖူးမြင်ရခြင်း ၄၉
ရန်သူမျိုးငါးပါး ၆၄
ရှိသေထိုက်သူ ၃၉
ရိုးရိုးကျင့်ကြံ မှန်မှန်အားထုတ် ၃၇
ရောင့်ရဲတင်းတိမ်ကျေနပ် လွယ်ခြင်း ၄၁
ရွှေပင်နားသျှင် ရွှေကျေး ၁၆

အက္ခရာစဉ် စာမျက်နှာ

[လ]

လ=လုနာတိ=ဆိန္ဒတိ ၈
လူကိုဖျက်အရက် ၃၇
လူတော်လူကောင်း ၃၄
လူနေမှုကိစ္စ ပဌမ မင်္ဂလာ ၁၇
လူနေမှုစံနစ် တတိယအဆင့် မင်္ဂလာ ၁၅
လူနေမှု စီးပွါးရေးစံနစ် ၃၀
လူမိုက် ၁၁၊၁၂
လူမှုဆိုင်ရာ အတတ်ပညာ ၂၀
လူမှုရေးတွင် စတုတ္ထအဆင့် ၁၆
လူမှုရေးရာ၏ ဒုတိယအဆင့် ၁၃
လောကဓံတရား ၄၆၊၅၉၊၆၀၊၆၁၊၆၂
လောကနိဗ္ဗာန် ၃၂
လောကရေး ဓမ္မရေး ရာဇရေး ဗဟုသုတများ ၂၀၊၄၆
လောကုတ္တရာမင်္ဂလာ ၅၈၊၅၉၊၆၁၊၆၂

[ဝ]

ဝိနည်းဥပဒေများ ၂၁၊၂၂၊၂၃
ဝိနည်းကျင့်ဝတ်တရား ၂၁
ဝိရဇံ ၆၁
ဝိရတီသုံးမျိုး ၃၅
ဝိရတီ (ပါပါ) ၃၅
ဝိသမလောဘ ၄၁
သဥပါဒိသေသနိဗ္ဗာန် ၅၉

အက္ခရာစဉ် စာမျက်နှာ

[သ]

သက်မွေးဝမ်းကျောင်းပညာ ၂၁
သစ္စာလေးပါး ၅၆၊၅၇
သည်းခံခြင်း ၄၆
သတိတရား ၃၀၊၃၉
သန္တုဋ္ဌိစ ၄၁
သပ္ပါယလေးပါး ၄၈
သပ္ပုရိသာ ဥပနိဿယစက် ၁၅၊၁၉
သမဏရဟန်းတော်များ၏ အရိပ်အာဝါသ ၅၀၊၅၁
သမ္မတ္တဝိရတီ ၃၅
သမ္မတ္တစက်လေးပါး ၁၉
သမာဒါနဝိရတီ ၃၅
သမုစ္ဆေဒဝိရတီ ၃၅
သမုဒယသစ္စာ ၅၆
သားကျွေးမှု မယားကျွေးမှု တခု ပညာ ကိုယ်စီပါရမည် ၂၁
သားသမီး ၁၁၊၁၃၊၁၄၊၁၅၊၁၆၊ ၁၈၊၁၉၊၂၃၊၂၄၊၂၅၊၂၆၊၂၇
သိပ္ပ ၂၀
သီလ ၁၃၊၁၄၊၁၇
သုဘာသိတာဝါစာ ၂၃၊၂၄
သေရက်မျိုး ငါးပါး ၃၇
သေရည်မျိုး ငါးပါး ၃၆
သောကကင်းဝေးနေထိုင်ရေး ၆၁
သောဝစဿတာ ၄၈

ပ-မ-သ-စ—၁၀၇၈—၄-၈-၈၈—၇၀၀၀ အုပ်။

J